မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၁၁ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၁၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ၌ တာဝန်ရှိသူများအား ဒေသဖွံ့ဖြိုးရေးအခြေအနေများ မေးမြန်းဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘိုကလေးနှင့် လပွတ္တာမြို့နယ်အတွင်းရှိ မြို့ရွာများ ပြန်လည်ဖွံ့ဖြိုးစည်ပင်လာမှုများ လှည့်လည်ကြည့်ရှုစစ်ဆေး

နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရေး၊ ဒေသအတွင်း သောက်သုံးရေ ဖူလုံရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်ရှည်သစ်ပင်များ စိုက်ပျိုးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြား

နေပြည်တော် မေ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်နှင့် လပွတ္တာမြို့နယ်အတွင်းရှိ မြို့ရွာများ ပြန်လည်ဖွံ့ဖြိုးစည်ပင်လာမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❍

ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာရှိ လူ(၅၀၀)ခိုလှုံနိုင်သည့် **Cyclone Shelter** ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၁၁ ရက်)

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးတည်

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ယခု နှစ်နှစ်ကာလတိုင်သောအခါ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်လျက်ရှိနေပြီ ဖြစ်သည်။

အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင်လမ်းမကြီး ၁၀လမ်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အမှတ် (၁၀)လမ်းမကြီးဖြစ်သည့် ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြလမ်းသည် လမ်းအရှည် ၆၆မိုင်ရှိပြီး လမ်းတာပေါင်တည်ဆောက်ခြင်း၊ မြေသားလမ်းမှ အမာခံလမ်း၊ အမာခံလမ်းမှ ကျောက်ချောလမ်းတည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဖောက်လုပ်ပေးလျက်ရှိသည်။

ယင်းလမ်းဖောက်လုပ်ပြီးစီးပါက ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း စသည့်ဒေသများမှ ပြည်သူများသည် မြောင်းမြမြို့မှတစ်ဆင့် ရန်ကုန်-ပုသိမ်လမ်းသို့ အနီးဆုံးဖြတ်လမ်းအဖြစ် သွားလာနိုင်ကြတော့မည်ဖြစ်သည်။ အလားတူ လမ်းကွန်ရက်သဖွယ် ဖြန့်ကြက်ထားသောလမ်းများမှတစ်ဆင့် မိမိလိုရာခရီးကို အလွယ်ကူဆုံး သွားလာနိုင်မည်ဖြစ်ရာ ဧရာဝတီတိုင်း၏ ဒေသဖွံ့ဖြိုးမှုနှင့် ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်လာမည်ဖြစ်သကဲ့သို့ သဘာဝဘေးဒဏ်မှလည်း တားဆီးကာကွယ်နိုင်မည်ဖြစ်သည်။

ထို့အတူ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဝင် အမှတ်(၈) လမ်းမကြီးဖြစ်သည့် ကျုံကဒွန်း-စက်ဆန်းလမ်းကို မူလအမာခံလမ်းနှင့် မြေသားလမ်း အခြေအနေမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ဖောက်လုပ်သွားမည်ဖြစ်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်းတွင် ပါဝင်သောလမ်း အမှတ်(၉)သည် ပုသိမ်၊ ငပုတော၊ ဟိုင်းကြီးကျွန်း မြို့နယ်တို့ကို ဖြတ်သန်းပြီး မြောက်နှင့်တောင်သွယ်တန်းနေသည့် လမ်းကြောင်းဖြစ်သည်။ လမ်းအူကြောင်းမှာ သစ်တိုပင်၊ ဂျက်ကာ၊ စိန်တောင်၊ ငရုတ်ကောင်းတောင်၊ ပိုးလောင်း၊ ငပြေမမှ မော်တင်စွန်းအထိ လျာထားဖောက်လုပ်ရန် စီစဉ်ထားသည်။

လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှ ဒေသခံပြည်သူများ၏ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းလာမည်ဖြစ်၍ နိုင်ငံတော်က လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် အလေးထားဖြည့်ဆည်းပေးခဲ့ရာ ဧရာဝတီတိုင်းအပါအဝင် နိုင်ငံအနှံ့ လမ်းပန်းဆက်သွယ်ရေးကွန်ရက် ကောင်းမွန်လာသည်နှင့်အမျှ ပြည်ထောင်စုတစ်ဝန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✽ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✽ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

ဗုဒ္ဓဟူးနေ့

(နံနက်+နေ့လယ်+ည)

၁၂-၅-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက်
- ၇း၀၅ တရားတော် **ပုဗ္ဗဏှသုတ်**
- မဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၃၉) နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ ဆိုကြပျော်ရွှင် တေးသံစဉ်(၉၂) တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် တေးပဒေသာ
- ၁၂း၂၅ ဇာတ်လမ်းပမာ နားဆင်စရာ **အတ္တမဲ့နှလုံးသား**
- ၁၂း၄၅ တေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ပဲပြားအုန်းနို့ချက်)
- ၁၇း၁၀ Current Song(22)
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ တေးပဒေသာ
- ၁၇း၃၅ အင်္ဂလိပ်စာသုတပဒေသာ (6)
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၄၉)
- ၁၈း၂၀ ကျေးလက်ဇာတ်လမ်း **သူလည်းခါးခါး ကိုယ်လည်းခါးခါး**
- ၁၈း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၀၅ သံစဉ်တေးသွား မေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၁၉း၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ကံ့ကော်တောမျိုးအောင်)
- ၁၉း၃၀ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
- ၂၀း၂၀ သူ့ခေတ်သူ့အခါတေးကမ္ဘာ
- ၂၀း၅၀ ကျန်းမာရေးရာ သိကောင်းစရာ (ငါးစားမှကျန်းမာမည်) လူမှုရေးဦးတည်ချက်
- ၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၂၁း၃၀ ညချမ်းချိန်ခါ တေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

မင်းတပ်နှင့် မတူပီမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ
တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၃၀ရက်က မင်းတပ်မြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အမှာစကားပြောကြားခဲ့ပြီး စစ်သည်၊ မိသားစုများအတွက် လက်ဆောင်ပစ္စည်းနှင့် ချီးမြှင့်ငွေပေးအပ်ခဲ့သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မင်းတပ်-မတူပီကားလမ်း လမ်းကြိုခိုင်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** မင်းတပ်-မတူပီကားလမ်းဖောက်လုပ်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ ချင်းပြည်နယ် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးက မင်းတပ် - မတူပီ ကားလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ပေးအပ်

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မတူပီမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖ တို့က ဒေသဆိုင်ရာ အချက်အလက်များ၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် မတူပီမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးကျောင်းသို့ ရောက်ရှိခဲ့ပြီး အိပ်ဆောင်နှင့် စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကာ ကျောင်းအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပေးအပ်သည်။ ယင်းမှတစ်ဆင့် တိုင်းမှူးသည် မတူပီမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး ဆေးရုံတက် လူနာများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးသည် ဆေးရုံ ဆေးပဒေသာပင် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးသည် မတူပီ မြို့နယ် ဌာနဆိုင်ရာ စုပေါင်းလက်ဖက်စိုက်ခင်းသို့ သွားရောက်ခဲ့ပြီး လက်ဖက်ပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ရေပေးဝေရေး ဆောင်ရွက်

မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးဝေရေး ဆောင်ရွက်နေမှု အခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

MBA အကြောင်းသိကောင်းစရာများ ဟောပြောမည်

ရန်ကုန် မေ ၁၀

CROWN Education နှင့် သြစတြေးလျ အစိုးရတက္ကသိုလ်တစ်ခုဖြစ်သော James Cook University တို့မှ သြစတြေးလျပညာရေးကို စိတ်ဝင်စားသော မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ သိထားသင့်သော Master of Information Technology, Master of Business Administration (MBA) များ အပါအဝင် သြစတြေးလျ ပညာရေး၊ သြစတြေးလျ PR လျှောက်ထားရန် အထောက်အကူပြုနိုင်မည့် Critical Skill List, အသစ်ထွက်ရှိလာမည့် Skill Occupational List များ အကြောင်းကို ရန်ကုန်နှင့် မန္တလေးမြို့များ၌ James Cook University မှ Marketing Director Mr.Det Fischer က ရှင်းလင်းပြောကြားမည် ဖြစ်သည်။

ဆွေးနွေးမည်

ဤဆွေးနွေးပွဲတွင် အနာဂတ် MBA အလားအလာ၊ ယူကေ MBA နှင့် သြစတြေးလျ MBA ဘွဲ့များ၏ ကွဲပြားခြားနားချက်များ၊ MBA ဘွဲ့ သင်ကြားပေးသော ကျောင်းများကို မှန်ကန်စွာ ရွေးချယ်နိုင်ရန် MBA တက်ရောက်မည့် ကျောင်းတွင် ရှိသင့်သည့် အရည်အသွေးများနှင့် ထည့်သွင်းစဉ်းစားရမည့် အချက်များ၊ MBA တက်ရောက်လိုသူများတွင် ရှိသင့်သည့် အရည်အချင်းများနှင့် ကြိုတင်ပြင်ဆင်ထားရမည့် အချက်အလက်များ၊ IT ဘွဲ့ရများအနေနှင့် Master of IT ကို MBA နှင့် ပူးတွဲရယူနိုင်မည့် အခွင့်အရေးတို့ကို ဆွေးနွေးမည်ဖြစ်သည်။

လျှောက်ထားနိုင်

သြစတြေးလျ Campus တွင် တက်ရောက်လိုသူ ကျောင်းသား ကျောင်းသူများ အနေဖြင့် Singapore Campus မှ တိုက်ရိုက် Transfer လုပ်နိုင်ကြောင်း၊ စင်ကာပူတွင် အလုပ်အကိုင်ရှာဖွေလိုသူများ အနေဖြင့်လည်း ကျောင်းပြီးပါက EPEC တစ်နှစ်ကို ရရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံမှ ကျောင်းသားများအနေဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး နိုင်ငံတကာ အသိအမှတ်ပြု Diploma တစ်ခုခုရရှိပြီးပါက Foundation ကို တက်ရောက်စရာ မလိုဘဲ Degree ပရိုဂရမ်သို့ တိုက်ရိုက် လျှောက်ထားနိုင်ကြောင်း၊ Foundation အတွက် IELTS 5.5 သို့မဟုတ် TOEFL Internet Base 70 ရှိရမှာဖြစ်ပြီး GCE "O" အောင်မြင်ထားပြီးသူများ IELTS/ TOEFL အမှတ်များ တင်ပြရန်မလိုအပ်ဘဲ တိုက်ရိုက် ဝင်ခွင့်ရရှိနိုင်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်း

ယင်းဆွေးနွေးပွဲကို မေ ၁၅ရက် (စနေနေ့) ညနေ ၃နာရီမှ ၅နာရီအထိ Park Royal Hotel ရန်ကုန်၌ လည်းကောင်း၊ မေ ၁၆ရက် ညနေ ၄နာရီမှ ၆နာရီအထိ Mandalay Swan Hotel မန္တလေးမြို့၌ လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း တက်ရောက်လိုသူများနှင့် အသေးစိတ် အချက်အလက်ကို သိရှိလိုပါက CROWN Education, Rm 228-229, Summit Parkview Hotel, ဖုန်း-၂၁၁၈၈၈ (လိုင်းခွဲ-၂၂၈၊ ၂၂၉)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ဦးဆောင်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell

နေပြည်တော်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ ရန်ကုန်မြို့၌ သတင်းစာရှင်းလင်းပွဲကျင်းပ၍ ပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၁၀

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိသည်။

တွေ့ဆုံ

Mr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းဦးဆောင်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းနှင့်လည်းကောင်း၊ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၂)ဧည့်ခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်လည်းကောင်း၊ ညနေ ၅ နာရီ ၄၅ မိနစ်တွင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်နှင့်လည်းကောင်း၊ ညနေ ၆ နာရီ မိနစ် ၅၀ တွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးဧည့်ခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးခေါင်းဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း အသီးသီးတွေ့ဆုံသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် Mr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ည ၇ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

Mr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီ ၅ မိနစ်တွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိကြသည်။

ကြည်ညို

ယင်းနောက် Mr.Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညိုကြသည်။

တို့နောက် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုနိုင်ငံသံရုံး သံရုံး ယာယီတာဝန်ခံနေအိမ်၌ NLD ပါတီဟောင်းမှ ပုဂ္ဂိုလ်အချို့နှင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် တရားဝင်မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီအချို့မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ မွန်းလွဲ ၁နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ စိမ်းလဲ့ကန်သာဧည့်ဂေဟာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းကောင်း၊ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနေအိမ်၌ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်အချို့နှင့်လည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့်လည်းကောင်း အသီးသီးတွေ့ဆုံသည်။

သတင်းထုတ်ပြန်ချက်ဖတ်ကြား

ဆက်လက်၍ Mr. Kurt Michael Campbell သည် ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမေရိကန်စင်တာ၌ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး သတင်းထုတ်ပြန်ချက်ကို ဖတ်ကြားသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အထက်ပိုင်းဒေသများ၌ အပူလျော့လာဖွယ်ရှိ

နေပြည်တော် မေ ၁၀

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်ရှိပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း (အထက်ပိုင်း)တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၇၅ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၂၈ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မေ ၁၁ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် မေ ၁၀

NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်းများက အမျိုးသားဒီမိုကရေစီအင်အားစုအနေဖြင့် ပါတီထောင်ရန် ရွေးကောက်ပွဲဝင်ရောက်မည် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ (၂)၊ အမှတ်စဉ် (၂၇)ကို ယနေ့ဖြန့်ချိလိုက်သည်။

ဒီမိုကရက်တစ်ပါတီ (မြန်မာ)ဒုတိယဥက္ကဋ္ဌဟောင်း ဦးရဲထွန်းကွယ်လွန်၊ အမေရိကန်အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာကာ့တ်ကမ်းဘဲလ်မြန်မာနိုင်ငံသို့ရောက်ရှိ၊ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တစ်ခါသုံးဖုန်းကတ်များ ဝယ်ယူရာတွင် သေချာစွာစိစစ်နေပြီ၊ မေလ ၆ရက် ည ၁၂နာရီတွင် ပျက်ပြယ်သွားသော NLD ပါတီ၊ (UMFCCI)အသင်းချုပ်က ရွေးကောက်ပွဲဝင်မည်မဟုတ်၊ X_2O ရေကစားမဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုဖြစ်စဉ် ဖော်ထုတ်ရရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းချက်၊ လူထုအတွင်း စိတ်လှုပ်ရှားဖွယ်လှုပ်ခတ်သွားသော မြေမျိုသတင်း၊ ဈေးကွက်စီးပွားရေးအရ ပုဂ္ဂလိကကုမ္ပဏီချင်းယှဉ်ပြိုင်၍ စက်သုံးဆီများကို ကမ္ဘာ့ပေါက်ဈေးဖြင့် ချိတ်ဆက်ရောင်းချသည်ဆိုသော်လည်း၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောများအား နိုင်ငံတကာသင်္ဘောလိုင်းများ၏ လစာငွေနှုန်းထားများနှင့်အညီ နိုင်ငံခြားငွေဖြင့်ပေးတော့မည်၊ ကိုရီးယားသစ်လုံးတင်သင်္ဘော Wellington မှ မြန်မာသင်္ဘောသားတစ်ဦးသေဆုံးပြီးနောက် ကျန်မြန်မာသင်္ဘောသား ၁၀ဦး ပြည်တော်ပြန်ပြီ၊ ဆိုမာလီပင်လယ်ဓားပြများ ဖမ်းဆီးထားသော မြန်မာသင်္ဘောသားများ ပြန်လည်လွတ်မြောက်ရန် အခြေအနေကောင်း၊ ၂၀၁၀ မေလလယ်အထိ အပူချိန်ဆက်လက်တည်ရှိနိုင်၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲနိုင်ခြင်းကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းသတိပြုရန်လို၊ ကြက်ဥကို သတ်မှတ်နှုန်းထက် ကျော်လွန်စားသုံးပါက ရောဂါများဖြစ်ပွားနိုင်၊ ရန်ကုန် Entertainment နှင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ထုတ်လွှင့်မှုအရေး၊ နှစ်ပေါင်း ၇၀ကျော် အစာလည်းမစား ရေလည်းမသောက်ဘဲအသက်ရှင်နေသည့် အိန္ဒိယအဘိုးအိုဆာဒူးကြီး၊ တောင်ကိုရီးယားနိုင်ငံ လုံခြုံရေးအတွက် နိုင်ငံသားအားလုံး နိုးနိုးကြားကြားရှိကြရန် ရေတပ်ဗိုလ်ချုပ်ကြီးက တိုက်တွန်း၊ မြောက်ကိုရီးယားတပ်ဖွဲ့ဝင် ၅၀၀၀နယ်စပ်တွင် စုဝေး၍ စစ်ပြင်ဆင်၊ နယူးယောက် တိုင်းမ်စကွဲယား ဗုံးဖောက်ခွဲမှုနောက်ကွယ်မှတွန်းအား စသည့် နောက်ဆုံးရပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ကြားခံသံတမန်ဖြင့် စတင်ဆွေးနွေး

ဂျေရုဆလင် မေ ၁၀

အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ဆွေးနွေးပွဲတစ်ရပ်ကို ကြားခံသံတမန်ဖြင့် မေ၉ရက်က စတင်ပြီဖြစ်ကြောင်း ပါလက်စတိုင်း ညှိနှိုင်းရေးမှူးချုပ်က ပြောကြားသည်။

အမေရိကန်အရှေ့အလယ်ပိုင်း သံတမန် ဂျော့မစ်ချယ်နှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့ တွေ့ဆုံဆွေးနွေးပြီးနောက် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်ဆေ့အီရီကတ်က ပြောကြားသည်။

ဆွေးနွေး

ကြားခံသံတမန်ဖြစ်သူ မစ္စတာမစ်ချယ် အနေဖြင့် နှစ်ဖက်စလုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရန်စီစဉ်ထားသည်။ မတ်လအတွင်းက ယင်းတို့၏ တွေ့ဆုံဆွေးနွေးမှုမှာ အစ္စရေးတို့၏ အရှေ့ဂျေရုဆလင်၌ နေအိမ်သစ်များ ဆောက်လုပ်မှုကြောင့် အဟန့်အတား ဖြစ်ခဲ့ရသည်။ ပါလက်စတိုင်းတို့က ၂၀၀၈ခုနှစ် နှောင်းပိုင်း၌ အစ္စရေးတို့၏ ထိုးစစ်ဆင် တိုက်ခိုက်အပြီး တိုက်ရိုက်ဆွေးနွေးမှု ဖျက်သိမ်းခဲ့သည်။

(အင်တာနက်)

A(H1N1)ရောဂါကူးစက်ဖြစ်ပွားသူ ဘင်္ဂလားဒေ့ရှ်၌ ၁၀၀၀ကျော်လာ

ဒါကာ မေ ၁၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် A(H1N1) ရောဂါဖြစ်ပွားသူဦးရေမှာ ၁၀၀၀ကျော်ပြီဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီးဌာနက မေ ၉ရက်၌ သတင်းထုတ်ပြန်သည်။

ထပ်မံတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ကူးစက်ရောဂါ ကာကွယ်ရေးဌာန၊ ရောဂါထိန်းချုပ်ရေးဌာနနှင့် သုတေသနဌာနတို့၏ ယင်းနေ့က ထုတ်ပြန်သည့် စာရင်းဇယားများအရ ပြီးခဲ့သည့် မေ ၆ရက်တိုင်အောင် A(H1N1) ရောဂါ ဖြစ်ပွားသူ ၄၇ဦးကို ထပ်မံ တွေ့ရှိရသဖြင့် ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယင်းရောဂါဖြစ်ပွားသူဦးရေမှာ ၁၀၁၅ဦး ရှိပြီဖြစ်သည်။

ကာကွယ်ဆေး

A(H1N1) ရောဂါ ဖြစ်ပွားမှု မြင့်တက်လာခြင်းကြောင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်းရှိ ပြည်သူ ၁၅ဒသမ ၆သန်းအား A(H1N1)ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ပြီးခဲ့သည့်သီတင်းပတ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်။ ကာကွယ်ဆေး ဦးစားပေးထိုးနှံမည့် အုပ်စုများတွင် ကျန်းမာရေးဝန်ထမ်းများနှင့် ကိုယ်ဝန်ဆောင် မိခင်များ ပါဝင်ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဆွေးနွေး

လေကြောင်းပြိုင်ပွဲ

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ ဖလာမင်ဂိုကမ်းခြေ၌ ၂၀၁၀ ကမ္ဘာ့ချန်ပီယံ လေကြောင်းပြိုင်ပွဲတွင် သရုပ်ပြ ယှဉ်ပြိုင်နေသည့် လေယာဉ်တစ်စင်းကို မေ ၈ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အာကာသ အစီအစဉ်အတွက် အာကာသယာဉ်မှူးသစ်များ တရုတ်နိုင်ငံ၌ စုဆောင်းလျက်ရှိ

ပေကျင်း မေ ၁၀

တရုတ်နိုင်ငံက မကြာမီကာလအတွင်း အမျိုးသားအာကာသယာဉ်မှူး ငါးဦးနှင့် အမျိုးသမီးအာကာသယာဉ်မှူး နှစ်ဦးတို့ကို စုဆောင်းခဲ့ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (ပီအယ်လ်အေ)လက်အောက်ခံဌာနတစ်ခုက မေ၉ရက်တွင် ပြောကြားသည်။

ကြေညာ

စုဆောင်းရရှိသည့် အာကာသယာဉ်မှူးသစ်များမှာ လေယာဉ်မှူးများဖြစ်ပြီး အိမ်ထောင်ပြုပြီးကာ ဘွဲ့ရသူများဖြစ်ကြောင်း၊ အသက်အရွယ်အကြီးဆုံးသည် ၃၅နှစ်နှင့် အငယ်ဆုံးမှာ အသက်၃၀ဖြစ်ကြောင်း ဖော်ပြပါဌာနကကြေညာသည်။

(အင်တာနက်)

အကြမ်းဖက်သမားများ တိုက်ဖျက်ချေမှုန်းရေး အမေရိကန်နှင့်ရုရှား လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်

မော်စကို မေ ၁၀

အမေရိကန်အစိုးရနှင့် ရုရှားအစိုးရတို့အနေဖြင့် အကြမ်းဖက်သမားများအပါအဝင် အဓိကရန်သူများကို တိုက်ခိုက်ချေမှုန်းရာ၌ လက်တွဲပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်သွားရန်လိုအပ်ကြောင်း၊ အမေရိကန်သမ္မတဘားရက်အိုဘားမားက ရုရှားရုပ်မြင်သံကြားဌာနနှင့် တွေ့ဆုံမေးမြန်းခန်း၌ ထည့်သွင်းပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်း၌ မေ၉ရက်က ဖော်ပြသည်။

ချေမှုန်း

နှစ်နိုင်ငံအနေဖြင့် လုံခြုံရေး ခြိမ်းခြောက်မှုအန္တရာယ်ကို မကြုံစဖူး ထပ်တူရင်ဆိုင်ကြုံတွေ့နေကြရကြောင်း၊ အကြမ်းဖက်သမားများကို တစ်ဦးတစ်ယောက်တည်းဖြင့်ချေမှုန်းရန် မည်သည့်နိုင်ငံကမျှ တတ်နိုင်မည်မဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကျဆုံးရေး

အကြမ်းဖက်သမားနှိမ်နင်းရေး၊ အကြမ်းဖက်ကွန်ရက်များ ဖျက်ဆီးရေးနှင့် ၎င်းတို့၏ နောက်ဆုံးခြေကုပ်စခန်းများ ကျဆုံးရေးတို့ကို အမေရိကန်နှင့် ရုရှားအစိုးရတို့ ပိုမိုနက်ရှိုင်းစွာ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လက်နက်အပြည့်တင်သင်္ဘော ယီမင်ကမ်းခြေစောင့်တပ်ဖွဲ့ ဖမ်းဆီးရမိ

ဆာနား မေ ၁၀

ယီမင်ကမ်းခြေစောင့်တပ်ဖွဲ့သည် အေဒင်ပင်လယ်ကွေ့အတွင်း လက်နက်အမြောက်အမြားနှင့် သင်္ဘောတစ်စင်းကို မေ ၉ရက်က ဖမ်းဆီးရမိကြောင်း ဆင်ဟွာသတင်း၌ ယင်းနေ့ကဖော်ပြသည်။

ဖမ်းမိ

အဆိုပါသင်္ဘောပေါ်တွင် ယီမင်သင်္ဘောသား ၁၄ဦးလိုက်ပါလာပြီး ယီမင်နိုင်ငံတောင်ပိုင်း ရေမိုင်၅မိုင်ခန့်အကွာ၌ ကျောက်ချရပ်နားစဉ် သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

စုံစမ်းနေ

သင်္ဘောပေါ်ပါသော လက်နက်များတွင် အဆင့်မြင့် နည်းပညာသုံး စက်သေနတ်များနှင့် လက်နက်ကြီးမျိုးစုံ ပါဝင်သည်ဟုဆိုသည်။ ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ပြသထားသည့် အလေးချိန်၅၃၀ဒသမ၂၀ကရက်ရှိသည့် အာဖရိကကြယ်ပွင့်ဟုအမည်ရသော ကမ္ဘာ့အကြီးဆုံးစိန်ပွင့်ကြီးကို မေ ၉ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗုံးပေါက်ကွဲမှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ ကွီတာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၉ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပြင်သစ် ပီကော့မော်တော်ယာဉ်များ တရုတ်နိုင်ငံ၌ ထုတ်လုပ်တော့မည်

ပေကျင်း မေ ၁၀

ပြင်သစ်နိုင်ငံ၏ အကြီးဆုံးမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သော ပီကော့ကုမ္ပဏီက တရုတ်နိုင်ငံ၌ လုပ်ငန်းသုံးမော်တော်ယာဉ်များ ထုတ်လုပ်သွားရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း မေ ၉ ရက်က အင်တာနက်၌ ဖော်ပြသည်။

သဘောတူညီ

အဆိုပါကုမ္ပဏီက တရုတ်ကားကုမ္ပဏီဖြစ်သော ချန်ဂန်နှင့် သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ပြင်သစ်ကုမ္ပဏီအနေဖြင့် ဤသဘောတူညီချက်ရစေရန် ၁၉၉၀ ပြည့်လွန်နှစ်များမှစပြီး တရုတ်ဈေးကွက်သို့ ပီကော့နှင့် စီထရိုရင်ကားများ တင်ပို့ရောင်းချခဲ့သည်။

တင်ပို့ခဲ့

ယမန်နှစ်ကထုတ်လုပ်ခဲ့သော မော်တော်ကားများအနက် ၃ ဒသမ ၅ ရာခိုင်နှုန်းကို တရုတ်ဈေးကွက်သို့ တင်ပို့ခဲ့သည်။

(အင်တာနက်)

မီးတောင်ပြာများကြောင့် ပေါ်တူဂီလေယာဉ်ခရီးစဉ် ဖျက်သိမ်းခဲ့ရ

လစ္စဘွန်း မေ ၁၀

အိုက်စလန်မီးတောင် ပေါက်ကွဲမှုကြောင့် ထွက်လာသော မီးတောင်ပြာမှုန်တိမ်တိုက်များကြောင့် ပေါ်တူဂီလေယာဉ် ခရီးစဉ်၂၂၃ခုဖျက်သိမ်းခဲ့ရကြောင်းပေါ်တူဂီ လေကြောင်းအာဏာပိုင်များက မေ၉ရက်၌ ထုတ်ဖော်ပြောကြားသည်။

ဖျက်သိမ်း

မီးတောင်ပြာမှုန်တိမ်တိုက်များပြည့်နှက်နေသဖြင့် အဆိုပါ လေယာဉ်ခရီးစဉ်များကို မေ ၆ရက်မှ စတင်ကာ မေ ၉ရက်အထိ ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

အရှိန်ရ

အဆိုပါမီးတောင်သည် မတ် ၂၁ရက်၌ စတင်ပေါက်ကွဲခဲ့ပြီး ခေတ္တမျှ အခြေအနေကောင်းမွန်လာပြီးနောက် ပြန်လည်၍ အရှိန်ရလာခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် ဥရောပတစ်ဝန်းတွင် မီးတောင်ပြာမှုန်များနှင့်ပြည့်နှက်နေခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီဂျစ်နှင့် အီရတ် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မည်

ကိုင်ရို မေ ၁၀

အီဂျစ်သမ္မတ မူဘာရက်ခ်နှင့် အီရတ်သမ္မတ ဂျာလာတာလာဘာနီတို့သည် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအပါအဝင် အီရတ်နိုင်ငံနှင့် စပ်လျဉ်းသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကို မေ၉ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ညှိနှိုင်းဆွေးနွေး

အီရတ်သမ္မတအနေဖြင့် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ အလည်အပတ်ရောက်ရှိစဉ် ယင်းကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်ဟု သိရသည်။ ထိုသို့ တွေ့ဆုံရာတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များကို အီဂျစ်သမ္မတနှင့် ထည့်သွင်းညှိနှိုင်းဆွေးနွေးခဲ့သည်ဟု ဆိုသော်လည်း အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ထို့အပြင် အီရတ်နိုင်ငံနှင့်စပ်လျဉ်းသည့် ပြဿနာရပ်များကို ကူညီဖြေရှင်းပေးရန်လည်း အီရတ်သမ္မတက မေတ္တာရပ်ခံခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

မဟာမျိုးချစ်စစ်ပွဲ သို့မဟုတ် ဆိုဗီယက်-ဂျာမန်စစ်ပွဲ (၁၉၄၁-၁၉၄၅)

တိုး
ရေးသားသည်

နာဇီဂျာမနီနှင့် မဟာမိတ်တို့က စစ်သည်အင်အား လေးသန်းဖြင့် ၁၉၄၁ ခုနှစ် ဇွန်လ ၂၂ ရက်တွင် ဆိုဗီယက်ပြည်ထောင်စုကို ကျူးကျော်တိုက်ခိုက်သည်။ ဤစစ်ပွဲမှာ လပိုင်းကာလအတွင်းပြီးဆုံးမည်ဟု ထင်မြင်စရာရှိသော်လည်း လေးနှစ်ကြာခဲ့ရသည်။ ထို့ပြင် လူ့သမိုင်းတွင် အကြီးကျယ်ဆုံးနှင့် တန်ဖိုးအကြီးဆုံးပေးဆပ်လိုက်ရသည့် စစ်ပွဲလည်းဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုအနေဖြင့် လူ့အသက်ပေါင်း ၂၇ သန်း ဤစစ်ပွဲ၌ စတေးခံခဲ့ရသည်မဟုတ်ပါလား။

၁၉၄၅ခုနှစ် ဧပြီလတွင် တပ်နီတော်တပ်ဖွဲ့ဝင်တစ်ဦးက ဘာလင်ရှိ လွှတ်တော်အဆောက်အအုံဟောင်းတွင် ဆိုဗီယက်အလံ လွှင့်ထူစဉ်။

အစနှောင်း

ဆိုဗီယက်-ဂျာမန်စစ်ဖြစ်ရခြင်း၏ အကြောင်းရင်းများတွင် အဒေါ့ဖ်ဟစ်တလာအား ၁၉၃၃ ခုနှစ်တွင် ဂျာမနီဝန်ကြီးချုပ် ခန့်အပ်ခြင်း၊ ဆိုဗီယက်ကွန်မြူနစ်များအပေါ် ဟစ်တလာ မုန်းတီးခြင်း၊ စီးပွားရေးနယ်ချဲ့လိုခြင်းတို့ပါဝင်သည်။ နာဇီဂျာမနီက ၁၉၄၁ ခုနှစ် ဧပြီလတွင် ယူဂိုဆလားဗီးယားနှင့် ဂရိနိုင်ငံတို့ကို တိုက်ခိုက်ပြီးနောက် ၁၉၄၁ခုနှစ် မေလတွင် ဆိုဗီယက် ပြည်ထောင်စုကို တိုက်ခိုက်ရန် မူလက ရည်မှန်းထားသော်လည်း ထိုမျှကျယ်ပြောသည့်ဒေသကြီးကို တကယ်တိုက်ရန်မှာ အစနှောင်း ရခြင်းဖြစ်သည်။

၁၉၃၉ခုနှစ် ဩဂုတ်လ ၂၃ရက်တွင် ဤနှစ်နိုင်ငံမှာ မကျူးကျော်ရေးစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံများဖြစ်သည်။

မမျှော်လင့်

နာဇီဂျာမနီက ဆိုဗီယက်ပြည်ထောင်စုကို ကျူးကျော်လာသောအခါ ဆိုဗီယက်ခေါင်းဆောင် ဂျိုးဇက်စတာလင် အံ့အားသင့်ရသည်။ ဗြိတိသျှအင်ပါယာကို နာဇီဂျာမနီတို့ မအောင်နိုင်သေးသမျှ နာဇီခေါင်းဆောင်ဟစ်တလာအနေဖြင့် အရှေ့ဘက်သို့ ယင်းသို့ တိုက်ခိုက်လာလိမ့်မည်ဟု ဂျိုးဇက်စတာလင်က မမျှော်လင့်ပေ။

အလှည့်အပြောင်းတစ်ခု

ဆိုဗီယက်ပြည်ထောင်စုကို စတင်ကျူးကျော်စဉ် ဝင်ရိုးစွန်းနိုင်ငံများ၏ တပ်အင်အား ၄ ဒသမ ၅ သန်းကျော် ပါဝင်သည့် အပြင် မော်တော်ယာဉ်အစီး ၆၀၀၀၀၀ နှင့် မြင်းအကောင်ရေ ၇၅၀၀၀၀ တို့ကို အသုံးပြုသဖြင့် သမိုင်းတွင် အကြီးဆုံး စစ်ဆင်ရေးဖြစ်သည်။ ၁၉၄၁ခုနှစ်တွင် စတင်ရန် ၁၉၄၀ပြည့်နှစ် ဒီဇင်ဘာ ၁၈ ရက်မှ စတင်ပြင်ဆင်ခဲ့သည်။ ထိုမျှအင်နှင့်အားနှင့် နာဇီဂျာမနီတို့ ဖိတိုက်လာခြင်းကို ဆိုဗီယက်တပ်နီတော်က တွန်းလှန်လိုက်သောအခါ ဟစ်တလာမှာ မျှော်လင့်ထားသည့် အောင်ပွဲမဆင်နိုင်တော့။ ယင်းမှာ နာဇီတို့၏ အနာဂတ်ရေးတွင် အလှည့်အပြောင်းတစ်ခု ဖြစ်သည်။

၁၅၀၀၀၀ သေဆုံး၊ ဒဏ်ရာရ

ဆိုဗီယက်တို့က တွန်းလှန်တိုက်ခိုက်ရာတွင် အမိမြေကာကွယ်ရေးအတွက် မဟာမျိုးချစ်စစ်ပွဲဖြစ်ကြောင်း ကြွေးကြော်၍ စွန့်စားတိုက်ခိုက်ကြခြင်းဖြစ်သည်။ နာဇီဂျာမနီတို့ ရှေ့တန်းတက်ရာ စစ်ကြောင်းတစ်လျှောက်တွင် ဆိုဗီယက်တို့က ရန်သူတို့ အသုံးချမရအောင်မြေလှန်စနစ်ကို ကျင့်သုံးသည်။ နာဇီဂျာမနီ၏ မိုးကြိုးစစ်ဆင်ရေးနည်းမှာ ဥရောပမှ အခြားဒေသများကဲ့သို့ ဆိုဗီယက်ရုရှားတွင် ပြုတ်ပြုတ်ပြုန်း သုတ်သင်ချေမှုန်းပစ်သည်။ နာဇီဂျာမနီတို့ ဆိုဗီယက်ရုရှားကို ကျူးကျော်ပြီး ရက်သတ္တပတ်အတွင်းတွင် ဆိုဗီယက်တပ်ဖွဲ့ဝင် ၁၅၀၀၀၀ သေဆုံး၊ ဒဏ်ရာရခဲ့သည်။

အောင်ပွဲတစ်ခု

နာဇီဂျာမနီတပ်များက ၁၉၄၂ခုနှစ် နွေဦးရာသီတွင် စစ်ကြောင်းနှစ်ကြောင်းခွဲကာ ချီတက်သည်။ စစ်ကြောင်းတစ်ကြောင်းက ဘာကူးနှင့်ရေနံမြေဒေသသို့ ဦးတည်ပြီး၊ ဒုတိယစစ်ကြောင်းက စတာလင်ဂရက်နှင့် ဗော်လဂါမြစ်ဆီသို့ ဦးတည်သည်။ စတာလင်ဂရက်မြို့ကို အပြင်းအထန်ထိုးစစ်ဆင်ရာတွင် အသေအပျောက် အများဆုံးဖြစ်သည်။ မြို့ပေါ်သို့ ဗုံးတန်ချိန် ၁၀၀၀ကျော်ကြဲချတိုက်ခိုက်သည်။ ဆိုဗီယက်တို့က ထပ်မံအင်အားဖြည့်ခုခံတိုက်ခိုက်ရာ နာဇီဂျာမနီတို့ အရေးမလှဖြစ်ပြီး ဆိုဗီယက်တို့အဖို့ အဆုံးအဖြတ်ပေးသည့် အောင်ပွဲတစ်ခုဖြစ်သည်။

၁၉၄၄ခုနှစ် နွေဦးရာသီတွင် ဆုတ်ခွာသွားသော နာဇီဂျာမနီတပ်များနောက်ကို ဆိုဗီယက်တပ်များလိုက်တိုက်ခြင်းဖြင့် ဆိုဗီယက်ရုရှားက ဂျာမနီကို တုံ့ပြန်ဝင်ရောက်ခြင်းဖြစ်သည်။

နှစ်ပတ်လည် အခါသမယ

ဆိုဗီယက်-ဂျာမန်စစ်ပွဲအတွင်း လီနင်ဂရက်မှသည် ခရိုင်းမီးယားအထိ၊ ကီယက်မြို့မှသည် စတာလင်ဂရက်မြို့အထိ ဆိုဗီယက်တစ်နိုင်ငံလုံး ပြုတ်ပြုတ်ပြုန်းခဲ့ရပြီး ပြည်သူ ၂၇ သန်းသေဆုံးခဲ့ရသည်။ သမိုင်းတွင် ထိုသို့သောစစ်ပွဲမှာ မကြုံစဖူးအောင် ပြင်းထန်ထိခိုက်သည့် စစ်ပွဲတစ်ခုဖြစ်သည်။ ၁၉၄၅ ခုနှစ် ဧပြီလတွင် ဘာလင်ရှိ ဂျာမနီလွှတ်တော် အဆောက်အအုံဟောင်း၌ ဆိုဗီယက် အလံထူလိုက်သည့်အခါ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲခံသည့် လက္ခဏာဖြစ်သည်။ ယခုအခါ (၆၅)ကြိမ်မြောက် အောင်ပွဲခံ နှစ်ပတ်လည်အခါသမယသို့ တိုင်ခဲ့ပြီဖြစ်ပါကြောင်း။ ။

ကိုးကား - အင်တာနက်

သမိုင်းတွင် ထိုသို့သောစစ်ပွဲမှာ မကြုံစဖူးအောင် ပြင်းထန်ထိခိုက်သည့် စစ်ပွဲတစ်ခုဖြစ်။ ၁၉၄၅ခုနှစ် ဧပြီလတွင် ဘာလင်ရှိ လွှတ်တော်အဆောက်အအုံဟောင်း၌ ဆိုဗီယက်အလံထူလိုက်သည့်အခါ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲခံသည့် လက္ခဏာဖြစ်။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဖိလစ်ပိုင်ရွေးကောက်ပွဲ မေ ၁၀ရက်တွင် ကျင်းပ

ဖိလစ်ပိုင်နိုင်ငံ၌ ပထမဆုံးအကြိမ် မဲရေတွက်စက်အသုံးပြုသည့် ရွေးကောက်ပွဲကို မေ ၁၀ရက်တွင်ကျင်းပရာ မဲရုံပေါင်း ၃၆၆၇၉ရုံကို နံနက် ၇နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ထားကြောင်း၊ မဲရုံများမဖွင့်မီ မဲပေးရန် မဲဆန္ဒရှင်ပြည်သူများက တန်းစီစောင့်ဆိုင်းနေကြကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

တောင်အာဖရိကပြည်သူများ အမျိုးဂုဏ်မြှင့်ရန်တိုက်တွန်း

တောင်အာဖရိကနိုင်ငံ၌ ဖီဖာကမ္ဘာ့ဖလားဘောလုံးပွဲမစတင်မီ တစ်လအလိုတွင် တောင်အာဖရိကပြည်သူများအနေဖြင့် အမျိုးဂုဏ်ကိုမြှင့်တင်ကြရန် တောင်အာဖရိကအနုပညာနှင့် ယဉ်ကျေးမှုဌာနက မေ ၉ ရက်၌ နှိုးဆော်တိုက်တွန်းလိုက်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

အမေရိကန်လေယာဉ်ငယ်ပျက်ကျ၊ နှစ်ဦးသေဆုံး

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်းတွင် စက်တစ်လုံးတပ် လေယာဉ်ငယ်တစ်စင်း မေ ၉ရက်က ပျက်ကျသဖြင့် လေယာဉ်ပေါ်ပါသူနှစ်ဦးစလုံး သေဆုံးကြောင်း မီဒီယာများကဖော်ပြသည်။

အီးယူဘဏ္ဍာရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေး

ဂရိကြွေးမြီပြဿနာ မပြန့်ပွားရေးကာကွယ်ရန် ယူရိုငွေဘီလီယံ ၆၀၀သုံးစွဲမည့် ကယ်ဆယ်ရေးအစီအစဉ်နှင့်ပတ်သက်၍ ဥရောပသမဂ္ဂ(အီးယူ)ဘဏ္ဍာရေးဝန်ကြီးများသည် ဘရပ်ဆဲလ်မြို့၌ မေ ၁၀ရက် နံနက်အထိ ဆက်လက်ဆွေးနွေးကြသည်။

မျိုးနစ်နှင့်အခြားလေဆိပ်များ ပြန်ဖွင့်လှစ်နိုင်

အိုက်စလန်ကျွန်းမီးတောင်မှ ချော်ရည်ပြာမိုးတိမ်များကြောင့် စောစောပိုင်းကယာယီပိတ်ခဲ့ရသည့် ဂျာမနီနိုင်ငံ မြူးနစ်လေဆိပ်နှင့် အခြားလေဆိပ်များကို မေ ၉ရက် မွန်းလွဲပိုင်းတွင် ပြန်လည်ဖွင့်လှစ်နိုင်ပြီဟု ကြေညာသည်။ **(အောက်ပုံ)**

တရုတ်သမ္မတဟူကျင်ထောင်း ပေကျင်းသို့ ပြန်လည်ရောက်ရှိ

နာဇီတို့အပေါ် ဆိုဗီယက်တို့အောင်ပွဲခံလိုက်သည့် မဟာမျိုးချစ်စစ်ပွဲ(၁၉၄၁-၁၉၄၅) ပြီးဆုံးသည့် (၆၅)ကြိမ်မြောက်နှစ်ပတ်လည် အခမ်းအနားကို မော်စကိုမြို့၌ တက်ရောက်ပြီးနောက် တရုတ်သမ္မတဟူကျင်ထောင်းသည် ပေကျင်းမြို့သို့ မေ ၁၀ရက် နံနက်က ပြန်ရောက်လာသည်။

ဂျပန်စီးပွားရေးအခြေအနေ ပိုမိုကောင်းမွန်လာ

ပင်လယ်ရပ်ခြား စီးပွားရေးအခြေအနေများ အဓိကတိုးတက်လာသည့်အတွက် ဂျပန်စီးပွားရေးမှာ ပိုမိုကောင်းမွန်လာကြောင်းဖြင့် ဂျပန်ဘဏ်၏နှစ်ရက်ကြာ အစည်းအဝေးမှ ထုတ်ပြန်သည့်ကြေညာချက်တွင် မေ ၁၀ရက်က ဖော်ပြသည်။

ယီမင်တောင်ပိုင်းဗုံးခွဲမှု လေးဦးဒဏ်ရာရ

ယီမင်နိုင်ငံတောင်ပိုင်း အေဒင်ဆိပ်ကမ်းမြို့တွင် မေ ၉ရက်က ဗုံးနှစ်လုံးပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် အနည်းဆုံးလေးဦးဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

ကိုလံဘီယာသူပုန်ခြောက်ဦး ချေမှုန်းခံရ

ကိုလံဘီယာနိုင်ငံတွင် ပြီးခဲ့သည့်ရက်သတ္တပတ်တိုက်ပွဲအတွင်း၌ ကိုလံဘီယာတပ်ဖွဲ့က ဖတ်သူပုန်ခြောက်ဦးမက သုတ်သင်ချေမှုန်းလိုက်ပြီး ၁၈ ဦးအား ဖမ်းဆီးနိုင်ခဲ့ကြောင်း အာဏာပိုင်များက မေ ၉ရက်၌ ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**



အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရဲ့ရွာရေလှောင်တမံစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီး ဦးဇော်မင်း ရဲ့ရွာရေလှောင်တမံစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် မေ ၉ရက် နံနက်ပိုင်းက မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁မိုင်ခန့်အကွာ ရဲ-ယမန်းရွာအနီးရှိ ရဲ့ရွာရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း တမံယာဘက်ကမ်းရှုရပ်မှနေ၍ Spillway လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ Switchyard Protection Wall လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ ပင်မတမံပေါ်သို့ရောက်ရှိပြီး တမံအတွင်း ရေဝင်ရောက်နေမှုနှင့် ရေသိုလှောင်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း၊ Tailrace Channel & Training Wall လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း၊ မြစ်အထက်ပိုင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တမံဝဲဘက်ကမ်းမှနေ၍ စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ ပင်မတမံ တည်ဆောက်ပြီးစီးမှု၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်ပြီးစီးမှုနှင့် ဓာတ်အားပေးစက်ရုံ Decoration လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံအတွင်း Unit No. (1), Machine Bay လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် Unit No.(2), Unit No.(3), Unit No.(4) တို့အား စက်မှု လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဓာတ်အားပေးစက်ရုံ

ဆက်လက်၍ အမှတ်(၁)စက်မှ ဓာတ်အားပို့လွှတ်နေမှုကိုလည်းကောင်း၊ ဓာတ်အားပေးစက်ရုံအတွင်း Decoration Work များဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ Tailrace Channel မှ ရေထုတ်လွှတ်မှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

** ကျော့ဖုံးမှ*

လှည့်လည်ကြည့်ရှု

ဆက်လက်၍ မွန်းလွဲပိုင်းတွင် လှိုင်လင်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် တိုင်းမှူး၊ အဖွဲ့ဝင်များနှင့်အတူ မိုင်းပွန်တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် မိုင်းပွန်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တောင်ကြီး-လွိုင်လင်လမ်း အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်ရေးစီမံကိန်း (မိုင်းပွန်) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် ညနေပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) အစည်းအဝေးခန်းမသို့ ရောက်ရှိရာ တက္ကသိုလ်တည်ဆောက်ရေးစီမံကိန်း မန်နေဂျာနှင့် တာဝန်ရှိသူများက ကွန်ပျူတာတက္ကသိုလ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က စီမံကိန်းဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားကာ ကွန်ပျူတာတက္ကသိုလ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်သင်ကြားနိုင်

အဆိုပါတက္ကသိုလ်၌ ကျောင်းသားကျောင်းသူဦးရေ ၃၀၀၀ခန့် တက်ရောက်သင်ကြားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)

ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) တည်ဆောက်ပြီးစီးနေမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ စည်းဝေး

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ (၃/၂၀၁၀) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးကျော်ဝင်းက (၂/၂၀၁၀)အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ပြည်နယ်နှင့်တိုင်းများရှိ ရွှေလုပ်ငန်းရှင်များအသင်းများက မိမိတို့အသင်းများ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်က အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြ၍ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေနံချောင်း အလင်းစေတမန်စာကြည့်တိုက် မကြာမီဖွင့်လှစ်မည် စာအုပ်၊ ပရိဘောဂနှင့် ငွေပဒေသာပင်များ ပါဝင်လှူဒါန်းနိုင်

နေပြည်တော် မေ ၁၀

မကွေးတိုင်း ရေနံချောင်းမြို့၌ တည်ဆောက်ပြီးစီးသွားပြီဖြစ်သော အလင်းစေတမန်စာကြည့်တိုက်ကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာအုပ်စာတမ်းများ၊ ဂျာနယ် မဂ္ဂဇင်းများ၊ ပရိဘောဂများ၊ ထာဝရငွေပဒေသာပင်များ လှူဒါန်းလိုပါက ဦးဝင်းကြည် ဖုန်း-၀၆၇-၄၁၀၀၀၆၊ ၀၆၇- ၄၁၀၁၂၁၊ ဦးအောင်ငြိမ်း ဖုန်း-၀၆၇- ၄၁၂၃၈၀၊ ဦးငွေလွင်(ရန်ကုန်) ဖုန်း- ၀၁-၃၇၄၇၇၄၃၊ ၀၁-၅၄၃၃၄၈၊ ဦးကျော်ထင်(ရန်ကုန်) ဖုန်း- ၀၁-၃၈၀၃၆၆၊ ၀၉- ၅၂၀၁၁၂၆၊ ဦးမောင်မောင်မြတ်(ရန်ကုန်) ဖုန်း-၀၉-၅၃၃၇၄၅၃၊ ၀၉-၄၉၂၀၀၄၁၄ (နေပြည်တော်)၊ ဦးထွန်းနောင်ဝင်း(မန္တလေး) ဖုန်း-၀၂-၆၀၄၁၇၊ ၀၉-၂၀၁၀၃၁၆၊ အလင်းစေတမန်စာကြည့်တိုက်(ရေနံချောင်း) ဖုန်း ၀၆၀-၂၁၆၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မိုးကောင်း လုပျိုဖြူယိမ်းအဖွဲ့ ထပ်ဆင့်ဂုဏ်ပြုပွဲ လှိုင်သာယာ၌ကျင်းပ

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ၁၃၇၁ ခုနှစ် မဟာသင်္ကြန် ယိမ်းပြိုင်ပွဲများတွင် ပထမဆုရ မိုးကောင်း လုပျိုဖြူယိမ်းအဖွဲ့အား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို မေ၉ရက် ည ၈နာရီက အမှတ် (၁၈)ရပ်ကွက် အားကစားကွင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်နှင့် အမှတ်(၁၈)ရပ်ကွက် ဥက္ကဋ္ဌ ဦးသက်ထွန်းဦးတို့ တက်ရောက်အမှာစကားပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော မဟာသင်္ကြန် မြို့နယ်ဗဟိုမဏ္ဍပ် ယိမ်းပြိုင်ပွဲများတွင် ပထမဆုနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြီးမှူးကျင်းပသော မြို့တော်ဝန် ဗဟိုမဏ္ဍပ်၌ ရန်ကုန်မြောက်ပိုင်းခရိုင် ကိုယ်စားပြု အကအလှသဘာဝယာဉ်ပြိုင်ပွဲတွင် ပထမဆုရ မိုးကောင်း လုပျိုဖြူယိမ်းအဖွဲ့အား မြို့နယ်ဥက္ကဋ္ဌ ဦးညီညီလွင်က ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသက်ထွန်းဦးက ပြိုင်ပွဲဝင် ပထမဆုရ ယိမ်းအဖွဲ့ဝင်တစ်ဦးချင်းအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တံခွန်စိုက်ဆုဖလားကြီးကို ယိမ်းအဖွဲ့မှ တာဝန်ရှိသူများက အမှတ် (၁၈)ရပ်ကွက် ဥက္ကဋ္ဌ ဦးသက်ထွန်းဦးသို့ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)**

(၀၉၇)

မိုင်းဆတ်မြို့နယ်၌ နွေစပါးရိတ်သိမ်းပွဲ ကျင်းပ

မိုင်းဆတ် မေ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေးဦးဆောင်၍ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များဖြစ်ကြသည့် ဆည်မြောင်းဦးစီးအရာရှိ ဦးဉာဏ်ကြည်ဦး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဝင်းမင်း၊ မြန်မာ့စိုက်ပျိုးရေး မြို့နယ်မန်နေဂျာ ဦးစိုင်းရွှေသန်း၊ ဆိုက်ခေါင်ကျေးရွာအုပ်စုတာဝန်ခံ မြို့နယ်စာရင်းစစ်အရာရှိ ဦးတင့်အောင်၊ ဆိုက်ခေါင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မေ ၉ ရက်က ဆိုက်ခေါင်ကျေးရွာ ကွင်းအမှတ်(၁၆) တောင်သူ ဦးစံကျင်းပါ သုံးဦးတို့၏ နွေစပါး ခုနစ်ဧက ရိတ်သိမ်းမှုကို ကွင်းဆင်းကြည့်ရှု အားပေးကြသည်။

ရိတ်သိမ်းပြီးဖြစ်

မိုင်းဆတ်မြို့နယ်တွင် ၂၀၀၉- ၂၀၁၀ခုနှစ်၌ နွေစပါးစိုက်ဧက ၂၄၂၄ဧကရှိသည့်အနက် ယနေ့အထိ ၃၂ဧက ရိတ်သိမ်းပြီးဖြစ်သည်။ (၁၂၇)

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၇) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့တပည့်များအား အဆင့်မြင့်ပညာရပ်များ သင်ကြားပေးသည်သာမက အမျိုးသားရေးတာဝန်များ၏ မွန်မြတ်ကြီးလေးမှုကိုပါ ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝစေရေး စည်းရုံးဆောင်ရွက်

နိုင်ငံတော်၏ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်လာစေရေး အဆင့်မြင့်ပညာကဏ္ဍမှ အထောက်အကူပြုမြှင့်တင်ပေးနိုင်ရန်ကြိုးပမ်း

ရန်ကုန် မေ ၁၀

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

စနစ်တကျ

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကား ပြောကြားရာ၌ -

နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့ ပြည်ထောင်စုကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် နိုင်ငံတကာနှင့်ရင်ပေါင်တန်း ထူထောင်နိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် ဦးတည်ချက်များ၊ စီမံကိန်းများချမှတ်ပြီး စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် အဓိကကျသော အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းလာစေရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ကျေးလက်ဒေသများ အပါအဝင် နယ်စပ်ဒေသများပါမကျန် နိုင်ငံတစ်ဝန်းလုံးတွင် အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပိုမိုခိုင်မြဲ

ယခုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စွာ ဆောင်ရွက်ပေးခြင်းဖြင့် ကုန်စည်စီးဆင်းမှု လွယ်ကူလာပြီး ကူးသန်းရောင်းဝယ်မှုတွင်ကျယ်လာသည်သာမက ပြည်ထောင်စုတစ်ဝန်းလုံး ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူစွာ ကူးလူးဆက်ဆံ သွားလာနိုင်ခြင်းတို့ကြောင့် တိုင်းရင်းသားများအကြား ချစ်ခင်ရင်းနှီးမှု၊ နားလည်မှုနှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုခိုင်မြဲလာကြောင်း။

ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ကားလမ်းနှင့် ရထားလမ်းများကို ပြည်ထောင်စုကွန်ရက်များအဖြစ် တိုးမြှင့်တည်ဆောက် ဖောက်လုပ်ပေးလျက်ရှိပြီး အဆိုပါ ကားလမ်း၊ ရထားလမ်းများအား ဆက်စပ်သည့် မြစ်ကူးတံတားကြီးများကိုလည်း ဆောက်လုပ်ပေးလျက်ရှိကြောင်း။

ဦးဆောင်နိုင်ငံ

နိုင်ငံတော်၏ အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာရေးအတွက် ဆောင်ရွက်ရာတွင်လည်း စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆည်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးခဲ့သည့်အတွက် အဓိကသီးနှံ ဆန်စပါးထုတ်လုပ်မှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိသည့်အပြင် အဓိကပြည်ပပို့ကုန်ဖြစ်သော ပဲမျိုးစုံ တိုးတက်တင်ပို့နိုင်မှုကြောင့် အာရှဒေသ၏ ပဲမျိုးစုံထုတ်လုပ်တင်ပို့မှု ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပင်မမဏ္ဍိုင်ဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာမှုနှင့်အတူ တစ်ဖက်တွင်လည်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်(၁၈)ဇုန်ကို နိုင်ငံအနှံ့ ထူထောင်ပေးခဲ့ပြီး ပုဂ္ဂလိကပိုင် ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးဆောင်ရွက်ခဲ့ကြောင်း။

လက်တွေ့ရရှိ

ယခုကဲ့သို့ ဆောင်ရွက်ရာတွင် မိမိတို့ပြည်တွင်းရှိ သဘာဝသယံဇာတအရင်းအမြစ်များစွမ်းအား၊ မိမိနိုင်ငံသူ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူ့စွမ်းအားအရင်းအမြစ်စွမ်းအားများကိုရယူပြီး နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့၏ ခိုင်မြဲသည့် စည်းလုံးညီညွတ်မှုစွမ်းအားများနှင့် ပေါင်းစပ်ခြင်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ ဖော်ဆောင်ပေးနိုင်ခဲ့မှုကြောင့် ယခုဆိုလျှင် တိုင်းရင်းသားပြည်သူများအနေဖြင့် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုအကျိုးများကို လက်တွေ့ရရှိခံစားနေကြရပြီ ဖြစ်ကြောင်း။

အနာဂတ်နိုင်ငံတော်သစ်ကြီး

နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတာဝန်များသည် ကြီးမားကျယ်ပြန့် နက်ရှိုင်းလှသည်နှင့်အမျှ အကောင်အထည်ဖော်ရာတွင် အခက်အခဲနှင့် အနှောင့်အယှက်အမျိုးမျိုးကို ကြုံတွေ့ခဲ့ရသော်လည်း မဆုတ်မနစ်သည့် သန္နိဋ္ဌာန်၊ ခိုင်မာသည့် စည်းလုံးညီညွတ်မှုများဖြင့် ဝိုင်းဝန်းပူးပေါင်း ဖော်ဆောင်ခဲ့သည့်အတွက် ဘက်စုံ ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ်ကြီး၏ ပုံသဏ္ဌာန်ကို တွေ့ရှိနိုင်ကြပြီ ဖြစ်ကြောင်း။

ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် သဘာဝစွမ်းအားများကို ခေတ်မီနည်းပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားနှင့် ပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည့်နည်းတူ တိုင်းရင်းသားများအားလုံး မြင့်မြင့်မားမား တည်ဆောက်သွားကြရမည့် အမျိုးသားရေးစိတ်ဓာတ် စွမ်းအားမှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ကြောင်း။

လူ့စွမ်းအား အရင်းအမြစ်များ၏ စိတ်ဓာတ်ရေးရာ ခံယူချက်များသည် အမျိုးသားရေးလမ်းကြောင်းပေါ်တွင် မှန်ကန်တည့်မတ်စွာ တည်ရှိနေသည်နှင့်အမျှ တိုင်းရင်းသားပြည်သူများ၏ မျှော်မှန်းချက်ဖြစ်သော အနာဂတ်နိုင်ငံတော်သစ်ကို အောင်အောင်မြင်မြင် တည်ဆောက်အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများသည် မိမိတို့နိုင်ငံတော်၏ အမျိုးသားလူ့စွမ်းအား အရင်းအမြစ်များဖြစ်သကဲ့သို့ မျိုးဆက်သစ် လူ့စွမ်းအား အရင်းအမြစ်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာရည်မြင့်မားရေး တာဝန်များကို အဓိကဖော်ဆောင်နေကြသူများလည်း ဖြစ်ကြောင်း။

စည်းရုံးဆောင်ရွက်

ထို့ကြောင့် အမျိုးသားပညာရေးမျက်နှာစာမှ တာဝန်ယူနေသည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့တပည့်များအား အဆင့်မြင့်ပညာရပ်များ သင်ကြားပေးသည်သာမက အမျိုးသားရေးတာဝန်များ၏ မွန်မြတ်ကြီးလေးမှုကိုပါ ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝစေရေး စည်းရုံးဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း။

အမျိုးသားရေးအသိအမြင်၊ ယုံကြည်ချက်၊ ခံယူချက်များနှင့်အတူ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အဆင့်မြင့်ပညာကဏ္ဍမှ အထောက်အကူပြုမြှင့်တင်ပေးနိုင်ရန် ကြိုးပမ်းသွားကြရန်နှင့် အနာဂတ် နိုင်ငံတော်တည်ဆောက်ရေးတွင် အမျိုးသားပညာရေးတာဝန်များ၏ မွန်မြတ်ကြီးလေးမှုကို အလေးအနက်သိမြင်ပြီး မိမိတို့၏ အဆင့်မြင့်ပညာကဏ္ဍ ပညာရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ရေးအတွက် သင်တန်းကာလတစ်လျှောက် သင်ကြားပို့ချမှုများကို တက်တက်ကြွကြွ ဆည်းပူးလေ့လာသွားကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

သင်တန်းကာလ

အဆိုပါ သင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၂၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မေ ၁၀

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၁၆)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ CDMA ဟန်းဆက်များကို ရတနာပုံဆိုက်ဘာစီးတီးမှ ထုတ်လုပ်မည်၊ ကွန်တိန်နာညပ်၍ သေဆုံးခဲ့သည့် မြန်မာသင်္ဘောသားမိသားစုထံ ပြည်ပသင်္ဘောကုမ္ပဏီက လာရောက်တွေ့ဆုံ၊ အဓိကမြို့ကြီးသုံးမြို့တွင် လမ်းခင်းကျောက်၊ ကတ္တရာ၊ ဘိလပ်မြေမလိုသည့် Road Master နည်းသစ်ဖြင့် ကားလမ်းခင်းမည်၊ ကမ္ဘာ့ဖလားဘောလုံးပွဲများကို မြဝတီရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့်ပြသမည်၊ ကေတုမတီခေတ်ဦး နန်းဦးစေတီတော်ကြီးကို ကေတုမတီ နှစ် (၅၀၀)ပြည့်ပွဲတော်အမီ ပြုပြင်နေ၊ မိမိ၏ Facebook မှ ပုံမှန်ဝင်ငွေရနိုင်မည့် အစီအစဉ်၊ အွန်လိုင်းမှတစ်ဆင့်ထီထိုးသူ ကျပ်သိန်း ၂၀၀ဆုကြီး ပထမဆုံးပေါက်၊ လော်ကားဥယျာဉ်ကို ကျပ်သန်းပေါင်း ၁၀၀၀ ကျော်ကုန်ကျခံ၍ အဆင့်မြှင့်မည်၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဩဂုတ်လအထိ မိုးနည်းပြီး ပူပြင်းသည့်ဒဏ်ဆက်လက်ခံစားရမည်၊ ကန့်ကွက်သူများကြောင့် ခွပ်ဒေါင်းပုံကို အသုံးပြုထားသော ပါတီတစ်ခုက ပါတီအလံကို ပြန်လည်ပြင်ဆင်မည်ဟုဆို၊ ပါတီသစ်ထောင်မည်ဖြစ်ကြောင်း ဒေါက်တာသန်းငြိမ်းနှင့် ဦးခင်မောင်ဆွေတို့က ပြောကြား၊ မြန်မာ ၂၁ဦးပါ သင်္ဘောသည်လည်း ပင်လယ်ဓားပြများလက်မှ စစ်သွေးကြွများအောက်သို့ ရောက်ရှိသွား၊ ကြယ်ငါးပွင့်ဝန်ထမ်း သင်္ဘောသားများ နိုင်ငံခြားသင်္ဘောကုမ္ပဏီများနည်းတူ လစာတိုးမြှင့်ရရှိမည်၊ ရင်သားများကြီးလွန်း၍ အိပ်ရာထဲ၌ ခြောက်လနေခဲ့ရသူအား ခွဲစိတ်ကုသမှုအောင်မြင်၊ ထိုင်းတွင် နိုဝင်ဘာလ ၁၄ရက်၌ ရွေးကောက်ပွဲကျင်းပရန် သဘောတူခဲ့၊ အိုစမာဘင်လာဒင်သည် အီရန် သို့မဟုတ် အမေရိကန်တွင်ရှိနေဟုဆို၊ နယူးယောက်မြို့တွင် ကားဗုံးခွဲရန် ကြိုးပမ်းခဲ့သူကို တရားစွဲဆို၊ အိုက်စလန်နိုင်ငံ မီးတောင်ပေါက်ကွဲမှု ပိုမိုပြင်းထန်လာ၊ ၃၅ နာရီကြာသော ဘောလုံးပွဲတွင် နှစ်ဖက်ဂိုးပေါင်း ၆၂၀ ကျော်သွင်းခဲ့၊ အချိန်ဖြင့် ခရီးသွား၍ မာရီလင်မွန်ရိုးနှင့် ပြန်လည်တွေ့ဆုံနိုင်ကြောင်း ရူပဗေဒပညာရှင်က ပြောကြား၊ ပီကာဆို၏ ပန်းချီကား ဒေါ်လာသန်း ၁၀၀ကျော်ဖြင့် ရောင်းချရ၍ ကမ္ဘာ့စံချိန်တင်၊ ကမ္ဘာ့အမတ်စောက်ဆုံး ရိုလာကိုစတာပေါ်၌ စုံတွဲတစ်တွဲ မိနစ် ၂၀ ကြာ ဇောက်ထိုးဖြစ်နေခဲ့၊ ရေနံဖိတ်လျှံကျနေမှုကို တားဆီးရန် တန် ၁၀၀နီးပါးရှိသော ရေမကတော့ကြီးကို ရေအောက်သို့ချပြီ၊ လဲကျသေဆုံးသွားသော ဘောလုံးသမားကို ဒိုင်လူကြီးက အဝါကတ်ပြမိ စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ဓမ္မစေတီခေါင်းလောင်းကို မြန်မာတွေပဲရှာစေချင် အထူးဆောင်းပါးဖြင့် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)

၁၁-၅-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၅	၇။	အပန်းဖြေလေ့လာ အမျိုးသားကန်တော်ကြီး ဥယျာဉ်မှာ
၈:၂၅	၈။	နှောင်းခေတ်တေးပဒေသာ
၈:၄၀	၉။	International News
၈:၄၅	၁၀။	အတီးပြိုင်ပွဲ
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅	၁။	**AFC President's Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် Drukstars (BHU) အသင်း နှင့် Yadanarbon(MYA) အသင်း**
၅:၄၅	၂။	တေးဂီတအစီအစဉ်
၆:၀၀	၃။	ညနေခင်းသတင်း
၆:၁၅	၄။	မိုးလေဝသအခြေအနေ
၆:၂၀	၅။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅	၆။	ဆိုလိုက်ကြစို့
၇:၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၂၀)
၈:၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနနု** (အပိုင်း-၁၄)
	၁၂။	ရုပ်ရှင်ပဟေဠိ
	၁၃။	အစီအစဉ်ပြီး၏။

ပြင်စလူမြို့ ပြည်သူ့ဆေးရုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး လပွတ္တာခရိုင် ပြင်စလူမြို့ Cyclone Shelter အမှတ်(၁) တွင် မြို့နယ်ပြည်သူ့ဆေးရုံ ဖွင့်လှစ်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

ဘိုကလေးမြို့ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက် ၇ နာရီတွင် ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဘိုကလေးမြို့ ပြန်လည်စည်ပင်ဖွံ့ဖြိုးလာမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခန်းမ၌ ဝန်ကြီး ဦးသိန်းအောင်က ဘိုကလေးမြို့နယ်အတွင်း နာဂစ်မုန်တိုင်း တိုက်ခတ်ခံရမှုကြောင့် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ရမှု၊ နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်း၍ နေရာချထားရေးလုပ်ငန်းများကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်ခဲ့မှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့မှုကြောင့် တစ်နှစ်မပြည့်မီကာလမှာပင် ဒေသတွင်းရှိ ပြည်သူများ၏ နေထိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးအခြေအနေများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာမှုကိုလည်းကောင်း၊ လေဘေးသင့်ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် အသစ်ထပ်မံတည်ဆောက်ပေးခဲ့မှု၊ ကျေးလက်အိမ်ရာစုစုပေါင်း ၁၀၀၄၆လုံး ဆောက်လုပ်ပြီးစီးခဲ့မှုကိုလည်းကောင်း၊ မြို့နယ် ခုတင် (၁၀၀)ဆံ့ ဆေးရုံတည်ဆောက်နေမှု၊ မြို့နယ်အတွင်း သောက်သုံးရေရရှိရေး စီမံဆောင်ရွက်ထားမှု၊ သီးနှံစိုက်ပျိုးထွက်ရှိမှု၊ မြို့နယ်အတွင်း Cyclone Shelter ကိုးလုံး တည်ဆောက်နေမှုကိုလည်းကောင်း၊ မြို့နယ်အတွင်း ဖောက်လုပ်နေသော ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းနှင့် ဘိုကလေး-စက်ဆန်း-အမာလမ်း ဖောက်လုပ်ပြီးစီးမှု၊ ဘိုကလေး-မော်လမြိုင်ကျွန်း-မြောင်းမြလမ်း (ဘိုကလေးမြို့နယ်အပိုင်း-လေးမိုင်) ဖောက်လုပ်နေမှု၊ လမ်းများပေါ်ရှိ တံတားများ ဆောက်လုပ်ပြီးစီးမှုနှင့် ဒီရေတောဂေဟစနစ်များ ပြန်လည်ပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထူးထရေးဒင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌက မြို့နယ် ခုတင် (၁၀၀)ဆံ့ ဆေးရုံသစ် တည်ဆောက်နေမှုနှင့် ဆေးရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရေး၊ ဒေသအတွင်း သောက်သုံးရေဖူလုံရေး၊ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်ရှည်သစ်ပင်များ စိုက်ပျိုးရေး၊ စီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ကုန်းတန်းကျေးရွာ၊ စက်ဆန်းကျေးရွာနှင့် ထော်ပိုင်ကျေးရွာစသည့် ဘိုကလေးမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ဒီရေတောများ ထိန်းသိမ်းမှု

လပွတ္တာမြို့ သုံးမိုင်မြို့ကွက်သစ်၌ ရေဂါလန်ပေါင်း သန်း ၁၈၀ သိုလှောင်နိုင်သော ရေလှောင်ကန်ကို တွေ့ရစဉ်။ (သတင်းစဉ်)

လပွတ္တာခရိုင် ပြင်စလူမြို့တွင် နိုင်ငံတော်က ကျေးလက်အိမ်ရာများ တည်ဆေ

အခြေအနေတို့ကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ဘိုကလေးမြို့နယ် ကဒုံ
သည်။

ယင်းနောက် ကဒုံကနိကျေးရွာတွင် တည်ဆောက်ထားသည့် Cyclone
အဆောက်အအုံအတွင်း ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်ထားရှိ
လီမိတက်က ကျောင်းသုံးပရိဘောဂများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်
ကြည့်ရှုသည်။

ထို့နောက် ထူးထရေးဒင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌက လူဦးရေ (၅၀၀)ခိုလှုံနို
ter၊ ၁၅ပေအမြင့်ရှိ သက်ကယ်ကုန်းမြင့်နှင့် သောက်သုံးရေကန်တို့ကို တည်ဆောက်
ter ကို ပုံမှန်အခြေအနေတွင် စာသင်ကျောင်းအဖြစ် အသုံးပြုနေမှုနှင့် အဆောက်အအုံကို
နိုင်ငံတော်သို့ လွှဲပြောင်းအပ်နှံပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ကျေးရွာမှ တာဝန်ရှိသူမ
ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေ ဖူလုံစွာရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးအခြေအနေ
လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ Cyclone Shelter ဝန်းကျင်၌ သောက်သုံးရေကန်များ တူးဖော်ထ
ကဒုံကနိကျေးရွာ ပြန်လည်ဖွံ့ဖြိုး တိုးတက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်

ပြင်စလူမြို့ ပြည်သူ့ဆေးရုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး လပွတ္တာခရိုင် ပြင်စလူမြို့ Cyclone Shelter အမှတ် (၁) တွင် မြို့နယ်ပြည်သူ့ဆေးရုံ ဖွင့်လှစ်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လပွတ္တာခရိုင် ပြင်စလူမြို့ Cyclone Shelter အမှတ်(၂)တွင် အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လူမြို့တွင် နိုင်ငံတော်က ကျေးလက်အိမ်ရာများ တည်ဆောက်၍ စနစ်တကျ နေရာချထားပေးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး လမ်းတစ်လျှောက်ရှိ ကျေးရွာများ ပြန်လည်ဖွံ့ဖြိုးလာမှုနှင့် ဆားလုပ်ငန်းများ လုပ်ကိုင်နေမှုတို့ကို ကြည့်ရှုကြသည်။

ထို့နောက် နံနက် ၁၀နာရီတွင် လပွတ္တာခရိုင် ပြင်စလူမြို့သို့ ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အားပေးနှုတ်ဆက်

ယင်းနောက် ပြင်စလူမြို့ Cyclone Shelter အမှတ်(၁)သို့ရောက်ရှိပြီး အဆောက်အအုံအတွင်း၌ မြို့နယ်ပြည်သူ့ဆေးရုံ ဖွင့်လှစ်ထားမှုကို လှည့်လည်ကြည့်ရှုကာ ဆေးရုံတက်လူနာများအား အားပေးနှုတ်ဆက်ကြသည်။

ဆက်လက်၍ Cyclone Shelter နှင့် ပတ်ဝန်းကျင်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ပြင်စလူမြို့၌ နိုင်ငံတော်က ကျေးလက်အိမ်ရာများ တည်ဆောက်၍ စနစ်တကျ နေရာချထားပေးမှုနှင့် ရုံး၊ ဌာနအဆောက်အအုံများ တည်ဆောက်ထားမှုကို လှည့်လည်ကြည့်ရှုသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ပြင်စလူမြို့ Cyclone Shelter အမှတ်(၂)သို့ရောက်ရှိပြီး အဆောက်အအုံအတွင်း၌ ပြင်စလူမြို့ အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်ထားမှု၊ မက်စ်မြန်မာကုမ္ပဏီအုပ်စုက ကျောင်းသုံးပရိဘောဂများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းထားမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

ခုနစ်လုံး တည်ဆောက်ပြီးစီးမှု၊ သုံးမိုင်မြို့ကွက်သစ် မြေကွက်များ ဖော်ထုတ်မှု၊ မြို့တွင်း လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆိပ်ခံတံတားသစ် တည်ဆောက်နေမှု၊ ဖဖကေရှိ ရေဂါလန်ပေါင်း သန်း ၁၈၀ သိုလှောင်နိုင်သော ရေလှောင်ကန် တည်ဆောက်ပြီးစီးမှု၊ ထိုရေကန်မှ တစ်ဆင့် မြို့ရေပေးဝေရေးကို ဖူလုံစွာဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှုတို့ကိုလည်းကောင်း၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံတည်ဆောက်နေမှု အခြေအနေ၊ လက်သမား၊ ပန်းရန်၊ သံချည်သံကွေး သင်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း၊ မက်စ်မြန်မာကုမ္ပဏီအုပ်စုက လှူဒါန်းသော လူငယ်အားမာန် သင်တန်းကျောင်း ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ခရိုင်အဆင့် ရုံးဌာနများ၊ ပုဂ္ဂလိကနေအိမ်များ ဆောက်လုပ်နေမှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

မှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးက လပွတ္တာမြို့ တိုးချဲ့မြို့ကွက်သစ် စည်ပင်ဖွံ့ဖြိုးရေး၊ သောက်သုံးရေ လုံလောက်စွာရရှိရေး၊ မြို့နယ်၏ အခြေခံစီးပွားရေးကဏ္ဍဖြစ်သည့် သားငါးကဏ္ဍ ဆက်လက်ဖွံ့ဖြိုးရေးတို့အတွက် လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံ တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာသို့ ရောက်ရှိ

ကနီကျေးရွာတွင် တည်ဆောက်ထားသည့် Cyclone Shelter သို့ရောက်ရှိပြီး ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်ထားရှိမှု၊ ထူးထရေးဒင်းကုမ္ပဏီ ရိဘောဂများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းထားရှိမှုတို့ကို လှည့်လည်

ုးဒင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌက လူဦးရေ (၅၀၀)ခိုလှုံနိုင်သည့် Cyclone Shel- ကယ်ကုန်းမြင့်နှင့် သောက်သုံးရေကန်တို့ကို တည်ဆောက်ထားမှု၊ Cyclone Shel- စာသင်ကျောင်းအဖြစ် အသုံးပြုနေမှုနှင့် အဆောက်အအုံကို ၂၀၁၀ခုနှစ် ဇန်နဝါရီလတွင် ပ်နှံပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယဗိုလ်ချုပ်မှူးကြီးမောင်အေးက ကျေးရွာမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသ၏ သောက်သုံးရေ ဖူလုံစွာရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးအခြေအနေများကို မေးမြန်းဆွေးနွေးပြီး ဆည်းဆောင်ရွက်ပေးသည်။

one Shelter ဝန်းကျင်၌ သောက်သုံးရေကန်များ တူးဖော်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဉ်ဖွံ့ဖြိုး တိုးတက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

သုံးမိုင်မြို့ကွက်သစ် ပြည်သူ့ဆေးရုံ

လပွတ္တာမြို့ သုံးမိုင်မြို့ကွက်သစ်ရှိ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ပြင်စလူမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်မှူးကြီးက မြို့ဖွံ့ဖြိုးရေး၊ သောက်သုံးရေဖူလုံရေး စသည်တို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့သို့ ရောက်ရှိကြပြီး လပွတ္တာမြို့ သုံးမိုင်မြို့ကွက်သစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် သုံးမိုင်မြို့ကွက်သစ်ရှိ ခုတင် (၂၀၀)ဆံ့ ဆေးရုံ တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဦးသိန်းညွန့်က လပွတ္တာမြို့နယ်အတွင်း၌ ကျေးလက်အိမ်ရာ ၄၅၄၈လုံးနှင့် Cyclone Shelter

Cyclone Shelter အမှတ် (၁)

လပွတ္တာခရိုင် ပြင်စလူမြို့ Cyclone Shelter အမှတ် (၁) ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ ဖွံ့ဖြိုးတိုးတက်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကျေးရွာစာကြည့်တိုက်လုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်နိုင်တော့မည်

ညွှန့်ဦးစိုး

စာပေဗဟုသုတကြွယ်ဝမှုသည် ပြည့်စုံကောင်းမွန်သောဘဝကို ပိုင်ဆိုင်နိုင်ရန် အထောက်အကူပေးနိုင်သည့် အဓိကစွမ်းအား တစ်ရပ်ဖြစ်သည်။ စာပေသည် ဖတ်ရှုသူတစ်ဦးစီ၏ အကျိုးစီးပွားနှင့် နိုင်ငံ၏ အကျိုးစီးပွားကို စွမ်းဆောင်ပေးနိုင်သည်။ စာပေဖတ်ရှုခြင်းကြောင့် အသိဉာဏ်ပညာ ဖွံ့ဖြိုးခြင်း၊ ဗဟုသုတကြွယ်ဝခြင်း၊ အမြင်ကျယ်ခြင်း၊ အသက်မွေးဝမ်းကျောင်းမှု မြင့်မားစေခြင်းနှင့် ဆင်းရဲခြင်းမှ ကင်းဝေးစေနိုင်ခြင်း စသည့် အကျိုးတရားများကို ရရှိစေနိုင်သည်။ စာပေသည် ဖတ်ရှုသူ တို့အား စိတ်လန်းဆန်းပျော်ရွှင်စေနိုင်၍ စိတ်အာဟာရနှင့် ခွန်အားကို ဖြစ်စေကာ ပင်ကိုအရည်အသွေး တိုးတက်မြင့်မားမှု စွမ်းအားများကို ရရှိစေသည်။ ထို့ကြောင့် လောကတွင် ချမ်းသာကြွယ်ဝလိုသူ၊ ကြီးပွားတိုးတက်လိုသူနှင့် စာပေအမြင် မြင့်မားလိုသူတို့သည် စာကြည့်တိုက်၊ စာအုပ်စာပေများနှင့် ကင်းကွာ၍မရဟု ဆိုပါသည်။

ယနေ့ နိုင်ငံတကာတွင် ခေတ်မီနည်းပညာပိုင်ဆိုင်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံနေစေရေးတို့ကို ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ထိုသို့သော အခြေအနေတွင် စာကြည့်တိုက်များသည် စွမ်းဆောင်ရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သဖြင့် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာသည်။ မဖတ်၍မသိ၊ မသိ၍မမြင်၊ မမြင်၍ အတွေးအခေါ် နိမ့်ကျမှုမရှိစေရန် စာကြည့်တိုက်များက ကူညီပေးလျက်ရှိပါသည်။

ယနေ့ မြန်မာ့လူ့ဘောင်ကို အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့တည်ဆောက်ရာတွင် နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံလူဦးရေ အများစုနေထိုင်ရာ ကျေးလက်ဒေသများမှ ပြည်သူများ အသိပညာဗဟုသုတမြင့်မားပြီး ၎င်းတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်စေရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပေးသွားရန်နှင့် ထိုလုပ်ငန်းများကို ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်နှင့် ဆက်စပ်ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ပါသည်။ ထိုလမ်းညွှန်ချက်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၀၄ခုနှစ်မှစတင်၍ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ထောင်နိုင်ရန်အတွက် နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အား၊ စေတနာရှင်ပြည်သူများ၏ အားတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် စာကြည့်တိုက်တစ်တိုက်လျှင် စာအုပ် ၁၀၀မှ ၁၅၀နှုန်းဖြင့် ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ရပ်ကွက်ရုံးများ၊ သမဝါယမအဆောက်အအုံများ၊ လူနေအိမ်များ စသည်တို့၌ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ကျေးရွာပေါင်း ၆၄၉၈၉ရွာရှိသည့်အနက် ၂၀၀၇ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၅၅တိုက်ကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည်။

ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များသည် ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံမရှိခြင်း၊ ပရိဘောဂ၊ စာအုပ်စာစောင် ပြည့်စုံမှုမရှိခြင်းတို့ကြောင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးကို မဖြစ်ပေါ်နိုင်သည့်အတွက် ဒုတိယအဆင့်အရ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံအပြင် ပရိဘောဂ၊ စာအုပ်စာစောင်များ ပြည့်စုံရေးကို ဆောင်ရွက်ခဲ့သည်။ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ခြင်းကြောင့် ကျေးလက်နေ လူကြီးလူငယ်တို့ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ခြင်း၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတ တိုးပွားလာခြင်း၊ အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေခြင်း၊ ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရား ကောင်းမွန်စေခြင်းနှင့် နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်း သမီးကောင်းများ ပေါ်ထွန်းလာစေခြင်း စသည့် အကျိုးကျေးဇူးကောင်းများ ရရှိမည်ဖြစ်သည်။ ထို့အပြင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ထောင်ခြင်းသည် အသိပညာဗဟုသုတမြင့်မားရေးအတွက်သာမကဘဲ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက် အရေးကြီးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်နေပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် တည်ထောင်ဖွင့်လှစ်ထားပြီးဖြစ်သည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်မာသောစာကြည့်တိုက်များ ဖြစ်လာစေရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ် စံ(၅)ရပ်ဖြစ်သည့်-

(၁) ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိပြီး စာဖတ်သည့်အလေ့အထဖြစ်ပေါ်လာအောင် စည်းရုံးဆောင်ရွက်သွားရေး၊

(၂) ရရှိပြီး စာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားရေးနှင့် စာအုပ်စာစောင် အသစ်များ တိုးပွားရရှိလာအောင် အလှူငွေများရှာဖွေခြင်း၊ စာငှားကတ်စနစ် အသုံးပြုခြင်းတို့ဖြင့် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊

(၃) စာကြည့်တိုက်ပိုင်မြေနှင့် စာကြည့်တိုက်အဆောက်အအုံ ရရှိလာစေရန် ဆောင်ရွက်ရေး၊

(၄) စာကြည့်တိုက်များတွင် သင့်တင့်သော ပရိဘောဂနှင့် ပစ္စည်းများ ရရှိလာစေရန် ဆောင်ရွက်ရေး၊

(၅) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက် ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများရရှိစေရန် လေ့ကျင့်ပျိုးထောင်သွားရေးနှင့် စာကြည့်တိုက်ကော်မတီ ဖွဲ့စည်းကြပ်မတ်ရေး

ဟူသည့် လုပ်ငန်းစဉ်(၅)ရပ်ဖြင့် ဖော်ဆောင်လျက်ရှိသည်။ ထိုလုပ်ငန်းစဉ် (၅)ရပ် အောင်မြင်စေရန်အတွက် အားလေးအားဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။ ထိုအားလေးအားမှာ ဒေသဆိုင်ရာ အာဏာပိုင်များ၏အား၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများ၏အား၊ သက်ဆိုင်ရာ ကျေးရွာပြည်သူများ၏အားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ အားတို့ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၁၀ခုနှစ် ဇန်နဝါရီလကုန်အထိ စံ(၅)ရပ်နှင့် ကိုက်ညီသော ကျေးရွာစာကြည့်တိုက် ၂၈၆၅၈တိုက်ကို ရေရှည်တည်တံ့ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ဆောင်ရွက်ရန် ကျန်ရှိသည့် စာကြည့်တိုက် ၂၇၀၉၇တိုက်ကိုလည်း ၂၀၁၀ခုနှစ် ဒီဇင်ဘာလကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။ ကျေးရွာစာကြည့်တိုက်များ ခိုင်မာရေးလုပ်ငန်းတွင် အဓိကကျသည့် လုပ်ငန်းဖြစ်သော ကိုယ်ပိုင်မြေနှင့် ကိုယ်ပိုင်အဆောက်အအုံ ရရှိရေးအတွက် စီးပွားရေးကုမ္ပဏီများ၊ လုပ်ငန်းရှင်ကြီးများ၏ လှူဒါန်းမှုများဖြင့် ဆောင်ရွက်သကဲ့သို့ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် ကျပ်သိန်းပေါင်း ၃၀၀၀ အသုံးပြုပြီး ကျေးရွာစာကြည့်တိုက် ၃၀၀ကို မတည် တည်ဆောက်ပေးခဲ့သည်။ ယခုနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင်လည်း ကျပ်သိန်းပေါင်း ၄၀၀၀အသုံးပြုရန် လျာထားပြီးဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စံ (၅)ရပ်နှင့် ညီပြီးဖြစ်သော ကျေးရွာစာကြည့်တိုက်များ ဆက်လက်ဖွံ့ဖြိုးရေး၊ စံ(၅)ရပ်နှင့်ညီရန် လိုအပ်နေသေးသော စာကြည့်တိုက်များအား စံ(၅)ရပ်နှင့် ညီစေပြီး ရေရှည်ဖွံ့ဖြိုးခိုင်မာရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေနှင့် ဝန်ကြီးဌာန၏ ဆောင်ရွက်မှုတစ်ခုတည်းဖြင့် ၂၀၁၀ခုနှစ် ဒီဇင်ဘာလကုန်တွင် စာကြည့်တိုက်အားလုံး အခိုင်အမာစာကြည့်တိုက်အဖြစ်သို့ အလျင်အမြန်ရောက်ရှိရန်မှာ ကန့်သတ်ချက်များ ရှိပေသည်။

သို့ဖြစ်၍ ယခုအချိန်တွင် နိုင်ငံတော်နှင့် ဝန်ကြီးဌာနတို့ ဆောင်ရွက်လျက်ရှိသည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုရန်နှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း (Rural Library Foundation)ကို ဖွဲ့စည်းတည်ထောင်ရန် စီစဉ်လုပ်ဆောင်လျက်ရှိပါသည်။ ယင်းသို့ ဖွဲ့စည်းဆောင်ရွက်ရာတွင် အားလေးအားထဲမှ အားတစ်အားဖြစ်သည့် လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများ၏အား၊ တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အားပါ ပါဝင်ဆောင်ရွက်ရန် လိုအပ်လာပါသည်။ ထို့ကြောင့် ကျေးရွာစာကြည့်တိုက်များ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံရရှိရေးအပါအဝင် သတ်မှတ်စံ (၅)ရပ်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် ဝိုင်းဝန်းတည်ထောင် ဆောင်ရွက်မည့် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း (Rural Library Foundation) ကို ဖွဲ့စည်းတည်ထောင်ရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း (Rural Library Foundation) တွင် စာပေပညာရှင်များ၊ ပညာရပ်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ထူးချွန်ထင်ရှားသည့် ပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ စာကြည့်တိုက် လုပ်ငန်းများအပေါ် သံယောဇဉ်ရှိပြီး စေတနာနှင့် ဝါသနာထက်သန်ကြသူများ ပါဝင်မည်ဖြစ်သည်။ အဆိုပါ ဖောင်ဒေးရှင်းသည် စံ (၅)ရပ်နှင့်ကိုက်ညီသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာအုပ်စာစောင်များ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ အခိုင်အမာ စာကြည့်တိုက်များအဖြစ် ရပ်တည်နိုင်ရေးအတွက် အဆောက်အအုံနှင့် ပရိဘောဂများ မတည်ထောက်ပံ့ပေးခြင်း၊ ပြည်သူများအတွင်း စာဖတ်ဝါသနာနှင့် စာဖတ်သည့်အလေ့အထ ပြန့်ပွားစွဲမြဲခိုင်မာလာစေရေးအတွက် စာပေပညာရှင်များ ကွင်းဆင်းဟောပြောဆွေးနွေးမှု၊ ပညာပေးစည်းရုံးမှု၊ ပျိုးထောင် မြေတောင်မြှောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန် စီစဉ်ထောက်ကူပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ကျေးရွာစာကြည့်တိုက်များ စနစ်တကျ ထိန်းသိမ်း လည်ပတ်နိုင်စေရေးအတွက် ပညာရပ်ဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးခြင်းနှင့် ဖောင်ဒေးရှင်းရန်ပုံငွေ တိုးပွားစေရေးအတွက် စီမံဆောင်ရွက်ခြင်း၊ ဖွဲ့စည်းခြင်းစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ကြမည်ဖြစ်သည်။

ထိုသို့ စံ (၅)ရပ်နှင့်ညီသော ရေရှည်တည်တံ့ခိုင်မာသည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ပေါ်ပေါက်လာသည်နှင့်အမျှ နိုင်ငံလူဦးရေ၏ အများစုဖြစ်သည့် ကျေးလက်နေပြည်သူများအနေဖြင့် အသိပညာဗဟုသုတ ပိုမိုမြင့်မားတိုးတက်လာနိုင်မည်မှာ အမှန်ပင်ဖြစ်သည်။ အသိပညာမြင့်မားလာသည်နှင့်အမျှ အတွေးအခေါ် ရင့်သန်ခြင်း၊ ဆုံးဖြတ်ချက်မှန်ကန်ခြင်းနှင့် အမှန်အမှား ပိုင်းခြားနိုင်ခြင်းတို့ဖြင့် ဒီမိုကရေစီကို အနှစ်သာရပြည့်ဝစွာ ခိုင်ခိုင်မာမာ နားလည်ကျင့်သုံးနိုင်မည်ဖြစ်သည်။ ထို့အပြင် အဆိုပါ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို အင်တာနက်ဖြင့်ချိတ်ဆက်ပြီး Community Learning Center များအဖြစ် ဆောင်ရွက်သွားရန်လည်း ရည်မှန်းလုပ်ဆောင်လျက်ရှိရာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအနေဖြင့် စွမ်းဆောင်ရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံစေရေးအတွက် ကြိုးပမ်းအားထုတ် ဖော်ဆောင်လျက်ရှိနေကြောင်း ထင်ရှားပေါ်လွင်ပါသည်။

စံ (၅)ရပ်နှင့်ကိုက်ညီသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေး လုပ်ငန်းစဉ်များအတွက် ကူညီပံ့ပိုးပေးနိုင်မည့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း (Rural Library Foundation) ဖွဲ့စည်းတည်ထောင်ခြင်းကြောင့် ကျေးရွာစာကြည့်တိုက်လုပ်ငန်းစဉ်များကို တိုးမြှင့်ဖော်ဆောင်နိုင်မည်သာမက ကျေးလက်ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုနိုင်ပေမည်။ ထို့အပြင် စာကြည့်တိုက်လုပ်ငန်းစဉ်များ တိုးမြှင့်ဖော်ဆောင်ခြင်းလုပ်ငန်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ပုံဖော်စွမ်းဆောင်နိုင်ကြမည့် အသိပညာ ဗဟုသုတနှင့် စွမ်းဆောင်ရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ရရှိပြည့်စုံစေရေး အဓိကကြိုးပမ်းခြင်းဖြစ်သည့်အတွက် တစ်မျိုးသားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းပါဝင် ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ယခုအချိန်တွင် နိုင်ငံတော်နှင့် ဝန်ကြီးဌာနတို့ ဆောင်ရွက်လျက်ရှိသည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေး လုပ်ငန်းစဉ်များကို အထောက်အကူပြုရန်နှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း (Rural Library Foundation) ကို ဖွဲ့စည်းတည်ထောင်ရန် စီစဉ်လုပ်ဆောင်လျက်ရှိ။

11-5 (10).pmd 1 5/11/2010, 2:20 AM

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ ပြုစုရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ ပြုစုရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ (Myanmar Human Rights Body)နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၈နာရီက နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ ပြုစုရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ စာတမ်းပြုစုရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ကျွမ်းကျင်သူပညာရှင်များ၊ အင်ဒိုနီးရှား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ကိုယ်စားလှယ် မစ္စတာ ဟိုမာယွန် အလီဇာဒေးနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ကိုယ်စားလှယ် မစ္စတာ ဘိုင်ရာဂျာပန်ဒေး တို့ အမှာစကားပြောကြားကြသည်။

ဆွေးနွေး

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်ကျင်းပမည်

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို မေ ၁၁ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ထာဝရ ဆေးပဒေသာပင်

ရန်ကုန်မြို့ နတ်စင်လမ်း ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်စောကြည် အသက်(၉၀) ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။

(သတင်းစဉ်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအနက် ၁၁ဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိ

နေပြည်တော် မေ ၁၀

ဧပြီ ၁၅ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ X_2O ရေကစားမဏ္ဍပ်ရှေ့၌ ဗုံးပေါက်ကွဲမှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဆေးရုံအသီးသီးတို့၌ ဆေးကုသမှုခံယူလျက်ရှိသော ဒဏ်ရာရလူနာ ၁၇၀ အနက် လူနာအများစုမှာ ဆေးရုံမှဆင်းသွားနိုင်ခဲ့ကြပြီး အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၈ ဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြကြောင်း သတင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သက်သာပျောက်ကင်း

ယခုအခါ အဆိုပါ ဆေးကုသမှုခံယူလျက်ရှိသော လက်ကျန်ဒဏ်ရာရ လူနာများအနက် သက်သာပျောက်ကင်းသူများ ဆေးရုံမှ ထပ်မံဆင်းသွားခဲ့ကြသဖြင့် ယနေ့အထိ အမျိုးသားခြောက်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၁ဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကောင်းမြတ်သူ ➤ စုစည်းတင်ပြသည်

ရင်သားကင်ဆာကုသနိုင်မည့် မျိုးဗီဇငါးမျိုးလေ့လာတွေ့ရှိ

လန်ဒန် မေ ၁၀

အမျိုးသမီးအချို့တွင် ဖြစ်ပွားတတ်သော ရင်သားကင်ဆာ ဗီဇငါးမျိုးကို ဗြိတိသျှ သုတေသနသိပ္ပံပညာရှင်များက စမ်းသပ်လေ့လာတွေ့ရှိထားပြီဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ရင်သားကင်ဆာ

ယင်းကင်ဆာမျိုးဗီဇများကို ကင်းဘရစ်တက္ကသိုလ်မှ ဦးဆောင်သော သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းလေ့လာတွေ့ရှိချက်ကြောင့် အမျိုးသမီးအချို့တွင် ဖြစ်ပွားတတ်သော ရင်သားကင်ဆာဖြစ်ပွားမှုကို စောစီးစွာ စမ်းသပ်စစ်ဆေးကုသ နိုင်လိမ့်မည်ဖြစ်ကြောင်း ယင်းသုတေသနအဖွဲ့က ပြောကြားသည်။

ကုသနိုင်

ဗြိတိန်နိုင်ငံ၌ နှစ်စဉ် ရင်သားကင်ဆာဖြစ်ပွားမှုမှာ အမျိုးသမီး ၄၅၅၀၀ ဖြစ်ပွားမည့်လက္ခဏာများရှိရာ ဗီဇကို စမ်းသပ်စစ်ဆေးခြင်းဖြင့် ရင်သားကင်ဆာဖြစ်ပွားမှုကို စောစီးစွာသိရှိပြီး အချိန်မီကာကွယ်ကုသနိုင်မည်ဟုဆိုသည်။

ဦးနှောက်အမြှေးရောင်ကာကွယ်ဆေး ကလေးများအတွက် ထိရောက်မှုနည်း

နယူးယောက် မေ ၁၀

ဦးနှောက်အမြှေးရောင်ကာကွယ်ဆေးထိုးနှံထားသော ကလေးငယ်သုံးပုံလေးပုံမှာ ရောဂါကို ကာကွယ်ပေးနိုင်စွမ်းမရှိကြောင်း သုတေသနသိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က လေ့လာတင်ပြထားသည်။

ယင်းအချက်ကို အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကာကွယ်နိုင်

အသက်ခြောက်နှစ်မှ ၁၂နှစ်အတွင်းရှိ ကလေး ၂၅၀ကို သုတေသနပြု လေ့လာခဲ့ရာတွင် လေးပုံသုံးပုံမှာ ဦးနှောက်အမြှေးရောင်ရောဂါကို ကာကွယ်နိုင်စွမ်းမရှိကြောင်း လေ့လာတွေ့ရှိခဲ့သည်။

အာနိသင်

အဆိုပါအဖွဲ့က ဦးနှောက်အမြှေးရောင်ရောဂါကာကွယ်ဆေး စီထိုးဆေးများကို စမ်းသပ်ခဲ့ရာ ဆေးများ၏အာနိသင်လျော့ကျနေမှုရှိကြောင်း တွေ့ရှိခဲ့သည်ဟုဆိုသည်။

(အင်တာနက်)

တာဂျစ်ကစ္စတန်ကလပ် ဗာကက်ရှ်အသင်း ဂိုးဒါဇင်ဝက်သွင်းပြီး KRL အသင်းလည်းနိုင်ပွဲရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု- ခင်သန္တာသိန်း

ရန်ကုန် မေ ၁၀

၂၀၁၀ AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ တာဂျစ်ကစ္စတန်ကလပ် ဗာကက်ရှ်အသင်းနဲ့ ပါကစ္စတန်ကလပ် KRL အသင်းတို့ အနိုင်ရရှိသွားပါတယ်။

သုဝဏ္ဏကွင်း

ဗာကက်ရှ်-ခြောက်ဂိုး

ရီနောင်းစပို့စ်-ဂိုးမရှိ

တာဂျစ်ကစ္စတန်ကလပ် ဗာကက်ရှ်အသင်းဟာ ပွဲချိန်တစ်လျှောက်လုံး ဖိကစားနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့ပေမယ့် အသင်းရဲ့ခြေစွမ်းပိုင်းနဲ့ ကစားပုံကတော့ အကောင်းဆုံးပုံစံမှာမရှိခဲ့ပါဘူး။ တိုက်စစ်မှူးတွေရဲ့ အဆုံးသတ်အားနည်းမှုတွေကြောင့် မိနစ် ၅၀ ကျော်အထိ ဂိုးမရခဲ့သလို တိုက်စစ်တွဲလုံးတွေကလည်း မထိရောက်ခဲ့ပါဘူး။ သွင်းယူသွားတဲ့အနိုင်ဂိုးတွေကလည်း ညာခြမ်းက ဖြတ်တင်ဘောတွေကနေတစ်ဆင့် ရခဲ့တာဖြစ်ပြီး သီရိလင်္ကာကလပ် ရီနောင်းစပို့စ်အသင်းရဲ့ခံစစ်ပိုင်းအားနည်းမှုတွေကြောင့် ရခဲ့တာဖြစ်ပါတယ်။

ပထမပိုင်း

သီရိလင်္ကာကလပ် ရီနောင်းစပို့စ်အသင်းဟာ ပွဲအစခဏသာ ဗာကက်ရှ်ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပြီး နောက်ပိုင်းမှာတော့ တာဂျစ်ကစ္စတန်ကလပ်အသင်းကသာ ပွဲကိုစိုးမိုးသွားပါတယ်။ တောင်ပံနှစ်ဖက်ကို အဓိကအားပြုတိုက်စစ်ဆင်တဲ့ ဗာကက်ရှ်အသင်းဟာ သူတို့ရဲ့ဖြတ်တင်ဘောတွေမထိရောက်တာကြောင့် ဂိုးသွင်းခွင့်တွေ မရခဲ့ပါဘူး။ ရတဲ့အခွင့်အရေးတွေကိုလည်း အသုံးမချနိုင်တာကြောင့် ပထမပိုင်းမှာ ဂိုးမရခဲ့ပါဘူး။

အဖွင့်ဂိုး

တစ်ဖက်သတ်နီးပါး ဖိကစားပြီး ဂိုးမရခဲ့တဲ့ဗာကက်ရှ်အသင်းဟာ ၅၆မိနစ်မှာ အဖွင့်ဂိုးစရခဲ့ပါတယ်။ နံပါတ် ၁၁ အူစမန်နော့ဗ်က သွင်းယူခဲ့တာဖြစ်ပါတယ်။ ဂိုးပေးခံရပြီးနောက်ပိုင်းမှာ ရီနောင်းစပို့စ်အသင်း ခံစစ်ပြိုဆင်းသွားပြီး ဂိုးတွေဆက်တိုက်ပေးခဲ့ရပါတယ်။ ၇၂မိနစ်နဲ့ ၈၁မိနစ်မှာ အူစမန်နော့ဗ်က နှစ်ဂိုး၊ ၅၈မိနစ်မှာ နီဂမာတော့မ်၊ မိနစ် ၆၀မှာ ခါကီမော့နဲ့ ၇၄မိနစ်မှာ ခါမရာကူလော့ဗ်တို့က တစ်ဂိုးစီ သွင်းယူခဲ့ကြပါတယ်။

ဗာကက်ရှ်အသင်းမှ ခါကီမော့ ရီနောင်းစပို့စ်ဘက်သို့ ဂိုးသွင်းရန်ကြိုးစားစဉ်။

အောင်ဆန်းကွင်း

KRL- နှစ်ဂိုး၊ နာဂါကော့-တစ်ဂိုး

ကမ္ဘောဒီးယားကလပ် နာဂါကော့အသင်းဟာပွဲအစ ၆မိနစ်မှာ ချိုင်ချွန်ရဲ့ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ပါကစ္စတန်ကလပ် KRL အသင်းအတွက် ကယ်လီက ၉မိနစ်နဲ့ ၃၃မိနစ်မှာ ချေပဂိုးနဲ့ အနိုင်ဂိုးပြန်လည်သွင်းယူခဲ့ပါတယ်။ **(မြန်မာ့အလင်း)**

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ညနေ ၄နာရီ

ဒရက်စတား-ရတနာပုံ

ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန မကွေးတိုင်း တိုင်းဦးစီးဌာနမှူး ဒေါက်တာမောင်လှိုင် ဦးဆောင်သောအဖွဲ့ မကွေးမြို့နယ် ဝွေးတောက်စမ်းကျေးရွာ၊ ညောင်ပင်ဝိုင်းကျေးရွာနှင့် ကန်လှ ကျေးရွာတို့၌ ကျွဲ၊ နွား၊ ပေါင်ပုပ် လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးခြင်း ဆောင်ရွက်ပေးကြစဉ်။

(သတင်းစဉ်)

ကမ္ဘာ့ဖလားပုံရိပ်လွှာ

အီတလီနဲ့ အာဂျင်တီးနားတို့ ကမ္ဘာ့ဖလားဆွတ်ခူးခဲ့စဉ်က ....

ရေးသူ-မောင်မောင်မြင့်ဆွေ — စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

မက်ဒရစ် မေ ၁၀

၁၉၈၂ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကိုတော့ စပိန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါတယ်။ စပိန်မြေပေါ်မှာ ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပခဲ့တာမို့ စပိန်နိုင်ငံက တာဝန်ရှိသူတွေဟာ ပြိုင်ပွဲကျင်းပမယ့် အားကစား ကွင်းတွေကို အဆင့်မြှင့်တင်ပြုပြင်မွမ်းမံခဲ့သလို ပြိုင်ပွဲဝင်တွေနဲ့ အုပ်ချုပ်သူနည်းပြတွေ တည်းခိုမယ့်ဟိုတယ်တွေကို အသင့်စီစဉ်ပြုလုပ်ခဲ့ပါတယ်။

ပြိုင်ပွဲဝင်

စပိန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုတော့ ခြေစစ်ပွဲဝင်အသင်း ၁၀၉သင်းရှိပြီး ပြိုင်ပွဲဝင်ခဲ့တဲ့အသင်းတွေကတော့ စုစုပေါင်း ၂၄သင်းရှိပါတယ်။ ဒီကမ္ဘာ့ဖလားပြိုင်ပွဲ မကျင်းပမီကတည်းက ဗိုလ်စွဲမယ်လို့ရေပန်းစားနေတဲ့ အသင်းတွေကတော့ နယ်သာလန်အသင်းနဲ့ မက္ကဆီကိုအသင်းတွေပဲ ဖြစ်ပါတယ်။ ထူးထူးခြားခြား ခြေစစ်ပွဲအောင်ပြီး ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ အသင်းတွေကတော့ အယ်လ်ဂျီးရီးယား၊ ကင်မရွန်း၊ ဟွန်ဒူးရပ်စ်၊ ကူဝိတ်နဲ့ နယူးဇီလန်အသင်းတွေပဲ ဖြစ်ပါတယ်။

၁၉၈၆ မက္ကဆီကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၌ အနောက်ဂျာမနီအသင်းကို အနိုင်ရရှိပြီးနောက် အာဂျင်တီးနား ဘောလုံးသမားများ ကမ္ဘာ့ဖလားကို ကိုင်မြှောက်ကာ ပရိသတ်များနှင့်အတူ ဤသို့ပျော်ရွှင်ခဲ့ကြသည်။

ဗိုလ်စွဲ

စပိန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်းတွေရဲ့ သွင်းတဲ့သွင်းဂိုးပေါင်းဟာ ၁၄၆ဂိုးရှိခဲ့လို့ ကမ္ဘာ့ဖလားသမိုင်းမှာ အများဆုံးလို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ တစ်ပွဲချင်းဂိုးသွင်းနှုန်းဟာ ၂ဒသမ ၈၁ဂိုးနှုန်းရှိခဲ့ပြီး ဘောလုံးပွဲပေါင်း ၅၂ပွဲ ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။ ဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာ လေးသင်းပါဝင်တဲ့ အုပ်စုခြောက်စုခွဲပြီး ပထမနဲ့ ဒုတိယရတဲ့ အသင်းတွေက ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲကို ဆက်လက်ယှဉ်ပြိုင်ခွင့် ရရှိစေခဲ့ပါတယ်။ စပိန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်လုပွဲကိုတက်ရောက်လာတဲ့ အသင်းတွေကတော့ အီတလီနဲ့ အနောက်ဂျာမနီအသင်းတို့ဖြစ်ပြီး အီတလီက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိကာ ကမ္ဘာ့ဖလားကို ဆွတ်ခူးရရှိဗိုလ်စွဲခဲ့ပါတယ်။

ဂိုးသွင်းမှု

ဒီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာအသင်းလိုက် ဂိုးသွင်းမှုအများဆုံးက ပြင်သစ်အသင်းဖြစ်ပြီး စုစုပေါင်း ၁၆ဂိုးသွင်းယူခဲ့တာဖြစ်ပါတယ်။ တစ်ဦးချင်း ဂိုးအများဆုံးသွင်းပြီး ရွှေဖိနပ်ဆုရရှိခဲ့သူကတော့ အီတလီတိုက်စစ်မှူး ရိုဆီဖြစ်ပါတယ်။

၁၉၈၂ စပိန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှစတင်ပြီး အကြိုဗိုလ်လုပွဲနဲ့ နောက်ဆုံးဗိုလ်လုပွဲတွေမှာ အချိန်ပိုကစားတဲ့အထိ အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြစ်နေရင် ပယ်နယ်တီကန်သွင်းပြီး ဆုံးဖြတ်ဖို့ဆိုတာ ဖီဖာက စတင်ကျင့်သုံးခဲ့ပါတယ်။

စောဒကတက်

ဒီကမ္ဘာ့ဖလားပွဲမှာ ပြင်သစ်နဲ့ကူဝိတ်တို့ယှဉ်ပြိုင်ကစားတဲ့အခါ ပြင်သစ်တို့သွင်းတဲ့ ဂိုးတစ်ဂိုးနဲ့ပတ်သက်ပြီး ကူဝိတ်တို့က စောဒကတက်ခဲ့ပါတယ်။ ကူဝိတ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မင်းသားဖာဟတ်က ကွင်းလယ်ဒိုင်လူကြီးကို ဝေဖန်ပြစ်တင် ပြောကြားခဲ့ပါတယ်။ ဖီဖာက အဲဒီဂိုးသွင်းမှုကို ပြန်လည်စိစစ်ကြည့်တဲ့အခါ ကွင်းလယ်ဒိုင်လူကြီးနဲ့ ကူဝိတ်မင်းသားဖာဟတ်တို့မှာ အပြစ်ရှိကြောင်း တွေ့ရှိလို့ ကွင်းလယ်ဒိုင်လူကြီးကို ပွဲကြီးကြပ်ခွင့် ရပ်ဆိုင်းခဲ့ပြီးမင်းသား ဖာဟတ်ကိုလည်း ဒဏ်ငွေ အမေရိကန် ဒေါ်လာ ၁၄၀၀၀ ဒဏ်ရိုက်ခဲ့ပါတယ်။

ဒါ့အပြင် အနောက်ဂျာမနီနဲ့ ပြင်သစ်တို့ရဲ့ အကြိုဗိုလ်လုပွဲမှာ အနောက်ဂျာမနီ ဂိုးသမားချုန်ရာချာဟာ ဂိုးဧရိယာအတွင်းမှ ပြင်သစ်ကစားသမား ဘက်တစ်စတန်ကို ကြမ်းကြမ်းတမ်းတမ်း ကစားခဲ့လို့ ဘက်တစ်စတန်ဟာ သွားတွေ ကျွတ်ထွက်ခဲ့တဲ့အထိ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပေမယ့် ကွင်းလယ်ဒိုင်လူကြီးက အပြစ်ပေးခြင်း မရှိတာကလည်း ထူးခြားနေပြန်ပါတယ်။ နောက်ပြီး စပိန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲမှာ အီတလီ ဂိုးသမား ဒီနိုဇော့ဖ်ဟာ အသက် ၄၀ ဖြစ်တာမို့ ကျင်းပပြီးစီးခဲ့တဲ့ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသမိုင်းမှာတော့ အသက်အကြီးဆုံး ဘောလုံးသမားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

ဒီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ပယ်နယ်တီအဆုံးအဖြတ် စတင်သတ်မှတ်လိုက်တာကြောင့် ပြင်သစ်နဲ့ အနောက်ဂျာမနီတို့ရဲ့ အကြိုဗိုလ်လုပွဲမှာ အချိန်ပိုကစားတဲ့အထိ သရေပွဲဖြစ်နေလို့ ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းတဲ့အခါ ပထမဆုံးကန်သွင်းတဲ့ ပြင်သစ်က အလန်ဂီရက်စီရဲ့ ကန်သွင်းချက် လွဲချော်ခဲ့တာကလည်း ထူးခြားမှုတစ်ရပ်ပါပဲ။

ဒါ့အပြင် ဟန်ဂေရီနဲ့ အယ်လ်ဆာဗေဒိုအသင်းတို့ ယှဉ်ပြိုင်တဲ့ပွဲမှာ ဟန်ဂေရီအသင်းက အရန်ကစားသမား လက်ဇ်လိုဟာ အစားထိုးဝင်ရောက်ကစားပြီး ရှစ်မိနစ်အတွင်းမှာ သုံးဂိုးဆက်တိုက်သွင်းယူကာ ဟက်ထရစ်ရခဲ့တာကလည်း ထူးခြားမှုအဖြစ် မှတ်တမ်းတင်ခံခဲ့ရပါတယ်။ အဲဒီပွဲမှာ ဟန်ဂေရီတို့က ၁၀ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တာဟာ ဂိုးအများဆုံးသွင်းခဲ့တဲ့ ပွဲဖြစ်ခဲ့ပါတယ်။ နောက်ပြီး အီတလီနဲ့ ပိုလန်တို့ပွဲမှာ ပွဲအစ ၃၆ စက္ကန့်မှာ အီတလီ ဘောလုံးသမား မာရီနီ အဝါကတ်အပြခံ ရတာကလည်း အမြန်ဆုံး စံချိန်တစ်ရပ်ပါပဲ။

စပိန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ အင်္ဂလန်နဲ့ ပြင်သစ်တို့ ယှဉ်ပြိုင်ကစားတဲ့ပွဲမှာ အင်္ဂလန်အသင်းက ရော်ဘီဆင်ဟာ ပွဲအစ ၂၇စက္ကန့်မှာပဲ ဂိုးသွင်းနိုင်ခဲ့တာမို့ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသမိုင်းမှာ အမြန်ဆုံးဂိုးအဖြစ် စံချိန်တင်နိုင်ခဲ့ပါတယ်။ ဒါကြောင့် စပိန်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဟာ ထူးခြားမှုတွေ၊ စိတ်ဝင်စားမှုတွေနဲ့ ပြည့်လျှံနေခဲ့တာပါပဲ။

မက္ကဆီကိုကမ္ဘာ့ဖလားပြိုင်ပွဲ

၁၉၈၆ ခုနှစ်က ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုတော့ မက္ကဆီကိုတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တာဖြစ်ပါတယ်။ ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့ကြတဲ့ အသင်းတွေ စုစုပေါင်း ၁၂၁ သင်းဖြစ်ပြီး တကယ်တမ်းပါဝင်ယှဉ်ပြိုင်ခဲ့တဲ့အသင်းက ၂၄ သင်းပဲ ဖြစ်ပါတယ်။

၁၉၈၆ ခုနှစ် မက္ကဆီကို ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့အသင်းက နယ်သာလန်ဖြစ်ပြီး ထူးထူးခြားခြား ခြေစစ်ပွဲအောင်လာတဲ့ အသင်းတွေကတော့ ကနေဒါနဲ့ အီရတ်တို့ပဲ ဖြစ်ပါတယ်။ ကနေဒါနဲ့ အီရတ်တို့ရဲ့ခြေစွမ်းကတော့ ထက်မြက်ကြောင်း ပြိုင်ပွဲဝင်အသင်းတွေ အသိအမှတ်ပြုခဲ့ကြပါတယ်။

ပြိုင်ပွဲဝင်အသင်း ၂၄သင်းကို အုပ်စုခြောက်စုခွဲပြီး ယှဉ်ပြိုင်စေခဲ့တာမို့ စုစုပေါင်း ဘောလုံးပွဲ ၅၂ပွဲ ဖြစ်ခဲ့ပါတယ်။ ပြိုင်ပွဲ အစအဆုံး ဘောလုံးအသင်းတွေရဲ့ စုစုပေါင်း သွင်းဂိုးက ၁၃၂ ဂိုးဖြစ်ပြီး အာဂျင်တီးနားက ၁၄ ဂိုး သွင်းယူခဲ့တာမို့ အသင်းလိုက် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ အသင်းဖြစ်ခဲ့ပါတယ်။

ရွှေဖိနပ်ဆု

၁၉၈၆ခုနှစ် မက္ကဆီကို ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်လာတဲ့ အသင်းတွေကတော့ အာဂျင်တီးနားနဲ့ အနောက်ဂျာမနီတို့ဖြစ်ပြီး အာဂျင်တီးနားက သုံးဂိုး-နှစ်ဂိုးနဲ့ ဗိုလ်စွဲခဲ့ပါတယ်။ ဒါကြောင့် အာဂျင်တီးနားအသင်းဟာ ၁၉၇၈ခုနှစ်နဲ့ ၁၉၈၆ခုနှစ်တို့မှာဗိုလ်စွဲခဲ့တဲ့အသင်းဖြစ်လာပါတယ်။ ဒီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာတော့ ဂိုးအများဆုံးသွင်းပြီး ရွှေဖိနပ်ဆု ရရှိခဲ့တဲ့ ဘောလုံးသမားကတော့ အင်္ဂလန်အသင်း တိုက်စစ်မှူး ဂါရီလန်ကာဖြစ်ပြီး စုစုပေါင်း ခြောက်ဂိုး သွင်းယူနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီကမ္ဘာ့ဖလားပွဲမှာ အင်္ဂလန်နဲ့ အာဂျင်တီးနားတို့ ပွဲစဉ်မှာ အာဂျင်တီးနား တိုက်စစ်မှူး မာရာဒိုနာက အင်္ဂလန်ဘက်ကို လက်နဲ့ ပုတ်သွင်းပြီး ဂိုးရရှိခဲ့တာကြောင့် ဘုရားပေးတဲ့လက်အဖြစ် မာရာဒိုနာတို့ နာမည်ကြီးခဲ့တာကလည်း ထူးခြားမှုတစ်ရပ်ပါပဲ။

တစ်ဖန် အီရတ်အသင်းဟာ ကမ္ဘာ့ဖလားပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ အိမ်ကွင်းမှာ ခြေစစ်ပွဲတစ်ပွဲမကစားခဲ့ရပါဘူး။ ဒါက အီရန်-အီရတ်စစ်ပွဲဖြစ်ပွားခဲ့တာကြောင့် ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့လို့ ဖြစ်ပါတယ်။ မက္ကဆီကို ကမ္ဘာ့ဖလားဘောလုံးပွဲမှာ အီရတ်နဲ့ ဘယ်လ်ဂျီယံတို့ကစားတဲ့အခါ အီရတ်နောက်ခံကစားသမား ဆာမီရာရှာ ကာမာမွတ်ဟာ ကွင်းလယ်ဒိုင်လူကြီးကို ထိုးကြိတ်ခဲ့တာကြောင့် ဖီဖာက ဘောလုံးကစားခြင်း တစ်နှစ်ပိတ်ပင်ခဲ့ပါတယ်။

ဒါ့အပြင် ပါရာဂွေးနဲ့ ဘယ်လ်ဂျီယံတို့ရဲ့ အုပ်စု ပထမပတ်လည်ပွဲစဉ်မှာ ပါရာဂွေးနည်းပြ ကာရီတာနိုရီဟာ ကွင်းလယ်ဒိုင်လူကြီးကို စောဒကတက်ခဲ့လို့ ဘောလုံးကွင်း အပြင်ဘက်ကို နှင်ထုတ်ခံခဲ့ရတာကလည်း ကမ္ဘာ့ဖလားသမိုင်းမှာ ပထမဆုံးဖြစ်ရပ်တစ်ခုပါပဲ။ နောက်ပြီး ဥရုဂွေးနဲ့ စကော့တလန်တို့ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲမှာ ဥရုဂွေးမှ ဂျိုဘာတစ်စတာဟာ ပွဲအစ ၅၆ စက္ကန့်မှာ အနီကတ်ပြ တိုက်ရိုက်အထုတ်ခံခဲ့ရတာကလည်း ကမ္ဘာ့ဖလားသမိုင်းမှာ အမြန်ဆုံး အနီကတ်ပြခံရတဲ့ ဘောလုံးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြန်ပါတယ်။

လျှော်ဒဏ်

၁၉၈၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို မက္ကဆီကိုနိုင်ငံက အိမ်ရှင်အဖြစ် လွှဲပြောင်း လက်ခံ ကျင်းပခဲ့တာဟာ မက္ကဆီကိုနိုင်ငံမှာ ၁၉၈၅ခုနှစ်က ငလျင်ဒဏ် ဆိုးဆိုးရွားရွားခံရပြီး လူ၂၅၀၀၀ခန့် သေဆုံးတဲ့ အဖြစ်ဆိုးနဲ့ ရင်ဆိုင်ရပေမယ့် ကမ္ဘာ့ဖလားပွဲကို အောင်မြင်အောင် ကျင်းပနိုင်ခဲ့တာဟာလည်း ဂုဏ်ယူစရာ ဖြစ်ရပ်တစ်ခုပါပဲ။ မက္ကဆီကို ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ အင်္ဂလန်နဲ့ အာဂျင်တီးနားတို့ ပွဲစဉ်မှာ ၇၅ကိုက်အကွာက မာရာဒိုနာကန်သွင်းလို့ ဝင်သွားတဲ့ ဂိုးဟာ ဖီဖာက နှစ်(၁၀၀)အတွင်း အကောင်းဆုံး ဂိုးတစ်ဂိုးအဖြစ် သတ်မှတ်ပေးခဲ့တာကလည်း ထူးခြားမှုတစ်ရပ် ဖြစ်ပါတယ်။

ထူးခြား

ဒါကြောင့် ၁၉၈၆ ခုနှစ် မက္ကဆီကို ကမ္ဘာ့ဖလားဘောလုံးပွဲဟာလည်း ထူးခြားတဲ့စိတ်ဝင်စားစရာဖြစ်ရပ်များနဲ့ ပြည့်လျှမ်းနေခဲ့ပါတယ်။ ။ **ကိုးကား-အင်တာနက်**

၁၉၈၂ခုနှစ် စပိန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သည့် အီတလီအသင်း ပွဲအပြီး ဤသို့ အောင်ပွဲခံခဲ့ကြသည်။

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မေ ၁၀

တမူး၌ စာကြည့်တိုက်များစံ(၅)ရပ်ညီရေးဆွေးနွေး

တမူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမနားထန်းသည် တမူးခရိုင် ခမ်းပါတ်မြို့ မလူကျေးရွာအုပ်စုရှိ မလူကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာများတွင် မေ ၆ရက်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် စံ(၅)ရပ်နှင့်အညီဖြစ်ရေး တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး ဖျာပုံ၌ဆောင်ရွက်

(၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့နယ် အပြောင်ကျေးရွာတွင် မေ ၃ရက်က အိမ်များ မီးသုံးစွဲမှု၊ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုနှင့် ရေရရှိမှုတို့ကို ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးကြသည်။ (၁၅၅)

ဘူးသီးတောင်၌ မြေထိန်းနံရံဆောင်ရွက်

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သည့် ကမ်းနားလမ်း မြေထိန်းနံရံဆောင်ရွက်ခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောဝေနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့က ရှင်းလင်းတင်ပြကြသည်။ (မြို့နယ်စည်ပင်)

မိုးကောင်း၌ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

(၆၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်ဦးဆောင်သည့်တပ်ဖွဲ့ဝင် ၅၅ ဦးတို့သည် မေ ၅ ရက် မွန်းလွဲ ၂ နာရီက မိုးကောင်းမြို့ ကျွန်းတောရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဘေးရှိ မီးသတ်ရေတင်စက် အသုံးပြု၍ မီးသတ်မော်တော်ယာဉ် သုံးစီးဖြင့်မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်ကြသည်။ (၀၀၁)

ကော့သောင်းစည်ပင်သာယာ သန့်ရှင်းရေးဆောင်ရွက်

ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဘုရင့်နောင်အငူပတ်လမ်းတွင် အဖွဲ့ဝန်ထမ်းများဖြင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုကို ဧပြီ ၁ရက်က ဒုတိယဦးစီးမှူး(သန့်) ဦးတင်အောင်လတ် ကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့လုပ်ငန်းညှိနှိုင်း

ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၀) ကို မတ် ၇ရက် နံနက် ၁၁ နာရီက ပေါင်မြို့ ကဒုံစီးရပ်ကွက်ရှိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးစောစန်းပွင့်နေအိမ်၌ကျင်းပရာ အစည်းအဝေးတွင် ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ် သတင်းထောက် ဦးခင်မောင်ဝေက အမှာစကားပြောကြားပြီး အဖွဲ့၏ရှေ့လုပ်ငန်းများကို အဖွဲ့အတွင်းရေးမှူး ဦးအောင်မြင့် (ဘုန်းပွင့်ထွန်း)က ရှင်းလင်းတင်ပြသည်။ (၁၇၆)

ဟင်္သာတမြို့ ပဒေသာဈေး ရေမြောင်းတူးဖော်

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၏ဦးဆောင်မှုဖြင့် ပဒေသာဈေးရှေ့ရှိ ရေမြောင်းများကို ဧပြီ ၂၅ ရက်က ရေစီးရေလာကောင်းမွန်ရေးအတွက် တူးဖော်ဆောင်ရွက်ကြသည်။ (မြို့နယ်စည်ပင်)

အရန်မီးသတ်တပ်ဖွဲ့ဝင်များအား စွမ်းဆောင်ရည်ဆုချီးမြှင့်

(၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲကို မေ ၅ ရက်က မင်းဘူး(စကု)မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ကျင်းပရာ မင်းဘူးခရိုင်ဥက္ကဋ္ဌ ဦးအောင်ငွေးတက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။ (၀၇၁)

ရေဖူလုံစွာသုံးစွဲနိုင်ရေး သာစည်၌ဆောင်ရွက်ပေး

သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့နေပြည်သူများ ရေဖူလုံစွာ ရရှိသုံးစွဲနိုင်ရေး၊ စဉ်ဆက်မပြတ် ရေရရှိနိုင်ရေးတို့အတွက် အဖွဲ့ပိုင်စက်ရေတွင်းများ၏ ရေထွက်အားကို ပြန်လည်ဆန်းစစ်ခြင်းနှင့် တွင်းဆေး၊ တွင်းမှုတ်ခြင်း၊ ပိုက်လဲလှယ်ခြင်းများအား စက်ကြီးများဖြင့်ဆောင်ရွက်မှုကို ဧပြီ ၂၂ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုး ကွင်းဆင်းဆောင်ရွက်ပေးသည်။ (၀၉၄)

နောင်ချို၌ ကျေးလက်လမ်းကျောက်ချောခင်းရန်တိုင်းတာ

နောင်ချိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် သဖန်းကိုင်းကျေးရွာ ကျေးလက် ကျောက်ချောလမ်းခင်းရန် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းဦးဆောင်၍ ကွင်းဆင်းတိုင်းတာခြင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင် ကြီးကြပ်ပေးသည်။ ။ (မြို့နယ် ပြန်/ဆက်)

မြောက်ဦးနှင့် ကျောက်တော်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၃၀ရက် နံနက်ပိုင်းက မြောက်ဦးမြို့ရှိ ရန်ကုန်-စစ်တွေကားလမ်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် လက်ကောက်ဈေးရပ်ကွက်၊ လော်ကမူရပ်ကွက်ရှိ လမ်းလုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် မြောက်ဦး-ကျောက်တော်ကားလမ်း လမ်းတံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိမ်ညို ကျေးရွာရှိ လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးသည် ကျောက်တော်မြို့နယ် ကျောက်တော်-ပလက်ဝ ကားလမ်းဖောက်လုပ်ရေး လုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျောက်တော်-ပလက်ဝကားလမ်း တစ်လျှောက် လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံ

ထို့နောက် တိုင်းမှူးသည် တင်းမ ကျေးရွာ တိုက်နယ်ဆေးရုံ ဆောက်လုပ်မည့် မြေနေရာကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကိစ္စရပ်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် မီးချောင်းတံတားတည်ဆောက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ပလက်ဝ-ကျောက်တော်ကားလမ်း ဟောင်းအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ အား လုပ်ငန်းလိုအပ်ချက်များ မှာကြား ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗိုလ်တထောင်ဆိပ်ကမ်းမြို့နယ်မှ စပေါင်းလမ်းလျှောက် အားကစားအဖွဲ့ဝင်များ၏ တတိယအကြိမ် စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)ရှိ လူနာများအတွက် ထမင်း၊ ဟင်း၊ မုန့်၊ အချိုရည်နှင့် အဝတ်အထည်များကို မေ ၉ ရက်က စပေါင်းသွားရောက်လှူဒါန်းရာ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)မှ သူနာပြုအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၃၅)

မင်္ဂလာလက်ထပ်ပွဲနှင့် ညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဦးစိန်-ဒေါ်ခင်တင့်တို့၏ သားကြီး

Captain သက်အောင်ခင်
B.Sc (Physics)
Master Mariner (F.G) Uniteam Marine Ltd.

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးလှမင်း-ဒေါ်ယုယုလှိုင်တို့၏ တစ်ဦးတည်းသောသမီး

မအေးယုယုမင်း
B.A (English), Diploma in Business Studies

တို့၏ ၂၆-၄-၂၀၁၀ရက်တွင် Sedona Hotel ဒဂုံခန်းမ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော သီရိသုဓမ္မမဏိဇောတရေ ဒေါက်တာစိုးသိန်းနှင့်ဇနီး သီရိသုဓမ္မသင်္ဂီဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြသော ကြီးကြီးဒေါ်ခင်သီနှင့် ဒေါ်သန်းသန်းမေ၊ ကြွရောက်ချီးမြှင့်ကြသောဆွေမျိုးမိတ်သင်္ဂဟများ၊ ယင်းနေ့ ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ ကျင်းပသည့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂-၆-၂၀၀၉ ရက်တွင် Sedona Hotel မင်းတုန်းခန်းမ၌ကျင်းပခဲ့သော စေ့စပ်မင်္ဂလာပွဲအခမ်းအနားနှင့် ၈-၅-၂၀၁၀ရက်တွင် Sedona Hotel Grand Ballroom ၌ ကျင်းပခဲ့သော မင်္ဂလာညည့်ခံပွဲအခမ်းအနားများတွင် မင်္ဂလာစေ့စပ်လက်စွပ်၊ မင်္ဂလာလက်ထပ်လက်စွပ်နှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းချီးမြှင့်ပေးပါသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်(ငြိမ်း)ဦးညွန့်ဆွေနှင့် ဇနီး ဒေါ်သက်သက်ဆွေတို့အားလည်းကောင်း၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှအရာရှိကြီးများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင်စိမ်းလဲ့လဲ့နှင့် Nightingale တေးဂီတအဖွဲ့၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ယင်ပေးသော အောင်အောင်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံယုံးယုံး၊ ရွှေပိုးအိမ်ပိုးထည်တိုက်မှ အန်တီနုနှင့်သဲသဲ၊ Cairo Tailoring၊ ပန်းအလှ Eternal Floral၊ ဓာတ်ပုံနှင့် ဗီဒီယိုအေးဇော်မိုး(စက်မှု)နှင့်အဖွဲ့၊ မေတ္တာဖြင့်ဓာတ်ပုံမှတ်တမ်းတင်ပေးသော မောင်လေးရဲဝင့်ကျော်နှင့် မမြတ်မင်းခိုင်၊ မင်္ဂလာပန်းကြဲပေးသော မဖြူစင်သက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးသော မဝင့်ဝတီသန်း၊ မင်္ဂလာလက်ထပ် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မသီရိမျိုးခိုင်၊ သတို့သားအရံ မောင်မောင်ဝင်းအေးနှင့် ထွန်းထွန်းဦး၊ သတို့သမီးအရံ မမေသီရိနိုင်နှင့် မအေးအေးမိုးဆင့်၊ ၈-၅-၂၀၁၀ရက်ညနေတွင် Dolphin Restaurant ၌ ကျင်းပသည့် မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မမြမဋ္ဌုနှင့် Sedona Hotel ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအသီးသီးအား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
Captain သက်အောင်ခင်-မအေးယုယုမင်း။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၅-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **မဂ္ဂင်ရှစ်ပါး** တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၇)
- ၈:၃၀ Sports World (2009 Best Award)
- ၈:၅၅ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **နေဝင်လထွက် ရိုက်ကွင်းအမှတ်တရ**
- ၉:၁၅ ညောင်ဇင်ရွာတစ်ထောက်နား စားဖွယ်ကများ
- ၉:၃၀ Cartoon Show Time (Bambi-2)
- ၁၀:၁၀ အနုပညာကြယ်တစ်ပွင့်နှင့် တွေ့ဆုံခဲ့စဉ်ခဏ
- ၁၀:၂၅ Activities in the City -Seven Diamond Dragon Trading Co., Ltd. ရဲ့ ဈေးရောင်းပွဲ -အထက(၅)တာမွေ အာစရိယပူဇော်ပွဲ
- ၁၀:၅၀ သင်ကြားရေးလမ်းညွှန် (Sunday Dhamma School)
- ၁၁:၂၀ သာယာငြိမ်းချမ်း စိမ်းလန်းဝေစည် ငွေတောင်ပြည်
- ၁၁:၅၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (မလိခလမ်းက သဘာဝတရားတွေ လွှမ်းခြုံထားတဲ့ အိမ်ကလေး)
- ၁၂:၃၅ သစ်တောများ မပြုန်းတီးစေရာ စွမ်းအားမြှင့် အေဝမ်းမီးဖိုထုတ်လုပ်ရာ
- ၁:၀၀ **မဂ္ဂင်ရှစ်ပါး** တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Traditional Fashion)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၇)
- ၄:၁၀ နှစ်စဉ်ဝင်ငွေတိုးစေဖို့… သစ်မွေးစိုက်ကြစို့
- ၄:၂၅ ညောင်ဇင်ရွာတစ်ထောက်နား စားဖွယ်ကများ
- ၄:၄၀ နယည်ဆန်းထွင်သစ်သီးအလှဆင် (ပန်းသီးဖြင့် ဘဲငန်းပုံနှင့် သစ်ရွက်ပုံဖော်ခြင်း)
- ၄:၅၅ အာဆီယံစွမ်းအင်ပထမဆု မင်္ဂလာဥယျာဉ်စွမ်းဆောင်မှု
- ၅:၁၅ အနုပညာကြယ်တစ်ပွင့်နှင့် တွေ့ဆုံခဲ့စဉ်ခဏ
- ၅:၃၀ Celebrity Style (Bambino)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ World of Knowledge (Mega Structures Dubais Palm Island)
- ၇:၀၅ Fashion Music Festival (Traditional Fashion)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Cartoon Show Time (Bambi-2)
- ၉:၁၀ Celebrity Style (Bambino)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၇)
- ၁၀:၀၀ Sunday Talk
- ၁၀:၃၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **နေဝင်လထွက် ရိုက်ကွင်းအမှတ်တရ**
- ၁၀:၅၅ သင်ကြားရေးလမ်းညွှန် (Sunday Dhamma School)
- ၁၁:၂၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (မလိခလမ်းက သဘာဝတရားတွေ လွှမ်းခြုံထားတဲ့ အိမ်ကလေး)
- ၁၁:၅၀ သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့် သာသနာ
- ၁၂:၀၅ **ချောင်းကမ်းဘေးကရွာကလေး** နွဲ့နွဲ့စန်း၊ ထင်ပေါ်၊ တြီကို၊ သဇင် ဒါရိုက်တာ-မြင့်စိုး (ဝ/သ-ရန်ကုန်)
- ၁၂:၁၀ ကွမ်းစားခြင်းနှင့် ခံတွင်းရောဂါအန္တရာယ် (ပါမောက္ခ ဦးမြသော်)
- ၁၂:၂၀ ဂုံညင်းတန်းတံတား
- ၁၂:၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၁-၅-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၂။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၃။ အောင်မြင်ခြင်းလမ်းမ
- ၆:၄၀ ၁၄။ အကြင်နာလက်တစ်စုံ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၇)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ မွေးမြူသုတ
- ၂၁။ ဟာသရုပ်စုံ - မာယာ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘည်းတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၂၀)

မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ညွှန်ကြားမှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ စက်ယန္တရားများ ပံ့ပိုးမှုဖြင့် အမှတ် (၁) ရပ်ကွက်နှင့် (၃)ရပ်ကွက် ပူးပေါင်း၍ ပေအရှည် ၅၅၀၊ အကျယ် ၁၄ ပေရှိ ကိုယ့်အားကိုယ်ကိုး ပိတောက်လမ်းတွင် မေ ၆ ရက်က အမှတ် (၁) ရပ်ကွက် ဥက္ကဋ္ဌ ဦးစိန်ဝင်း၊ အမှတ် (၃)ရပ်ကွက် ဥက္ကဋ္ဌ ဦးရွှေတင်နှင့် အဖွဲ့ဝင်များက ကတ္တရာလမ်းခင်းနေမှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၀၁)

မိုးသောက်ပန်းဂျာနယ် အတွဲ (၁၃)၊ အမှတ် (၁၃) ထုတ်ဝေ

နေပြည်တော် မေ ၁၀

မြဝတီစာပေတိုက်မှ အင်္ဂါနေ့တိုင်းထုတ်ဝေလျက်ရှိသော မိုးသောက်ပန်းဂျာနယ် မေ ၁၁ ရက်ထုတ် အတွဲ(၁၃)၊ အမှတ် (၁၃) စာစောင်တွင် ကာတွန်း မောင်မောင်ညှက်၏ လေလံ၊ ကာတွန်းသန့်စင်၏ စူပါမှုန်ကြီး၊ ကာတွန်းအောင်အောင်၏ မြတ်ဗုဒ္ဓရဲ့ အနှိုင်းမဲ့မေတ္တာစာ၊ ကာတွန်းကြယ်ကြယ်၏ ပျော်ရွှင်ရယ်မောဆေးလုံး၊ ကာတွန်းစောဟန်၏ ရန်ပိုင်စိုး၊ ကာတွန်းမြေဇာ၏ အနိုင်ကျင့်လို့နှင့် ကဗျာကဏ္ဍတွင် ခန့်မှူးပိုင်(ဓာတု)၏ စေတနာရဲ့အလှ၊ အင်္ဂလိပ်စာကဏ္ဍတွင် ZCT ၏ လွယ်ကူပြောကြား အင်္ဂလိပ်စကား၊ ပုံပြင်ကဏ္ဍတွင် ဦးစော၏ ကောက်ကျစ်သောကုန်သည်အကြောင်းနှင့် ဉာဏ်စွမ်းရည်ကဏ္ဍတွင် ဆုဒိုခ ပြိုင်ပွဲများနှင့်အတူ ကဏ္ဍစုံ၊ ရသစုံနှင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း၊ မိုးသောက်ပန်းဂျာနယ်များ ဝယ်ယူလိုပါက အမှတ် ၁၈၁၊ (၃၂)လမ်းအထက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်တိုင်းနှင့် အမှတ်(၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း ၁၅ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းတို့နှင့် ဖုန်း-၃၇၁၂၄၄ နှင့် ၅၅၉၂၇၃ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ငွေချည် (၆) ဝါစီမံကိန်း တာဝန်ပေးအပ်ပွဲ ဆားလင်းကြီးမြို့နယ်၌ ကျင်းပ

ဆားလင်းကြီး မေ ၅

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ၂၀၁၀-၂၀၁၁ ခုနှစ် ငွေချည်(၆)ဝါ စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်က အဖွင့်အမှာစကား ပြောကြားပြီး ဝါနှင့်ပိုးချည်ဌာနမန်နေဂျာ ဦးအောင်သန်းဦးက စီမံကိန်းတာဝန်ပေးအပ်ခြင်းကို ရှင်းလင်းပြောကြားသည်။ စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု ၃၉ အုပ်စုမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၂၁ဦး တက်ရောက်ကာ မြို့နယ်ဥက္ကဋ္ဌက နယ်မြေလေးခုခွဲ၍ စီမံကိန်းတာဝန်များ ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

လှိုင်ဘော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဇီဇဝါလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စက်ရေတွင်း တူးဖော်

ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ကျေးရွာ အုပ်စု ကျောက်ဆည် ကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းကို ဦးမောင်စိုး အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)

(၅၃)ကြိမ်မြောက် သွေးလှူဒါန်း

ခင်ဦး မေ ၂

ခင်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းနေ မြန်မာနိုင်ငံကြက်ခြေနီအသင်း ရာသက်ပန်အသင်းဝင် မြို့နယ်ကြက်ခြေနီတပ်ခွဲမှူး အောင်မျိုးမင်းသည် (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့နှင့် ကမ္ဘာ့ကြက်ခြေနီနေ့များကို ဂုဏ်ပြုသောအားဖြင့် ဧပြီ ၉ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ (၅၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၁၈၂)

HIV ရောဂါကင်းစင်သော သွေးသန့်ရရှိရေး မိုးညှင်းမြို့ ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်

မိုးညှင်း ဧပြီ ၃၀

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်တွင် HIV ရောဂါပိုးကင်းစင်သော သွေးကောင်း သွေးသန့်များ ရရှိနိုင်ရေး အသိပေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၂၈ရက် နံနက် ၁၀နာရီက မိုးညှင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ဆေးရုံအုပ် ဒေါက်တာဒေါ်နွယ်နွယ်ဝင်းက မိုးညှင်းမြို့ ပြည်သူ့ဆေးရုံတွင် HIVရောဂါပိုး ကင်းစင်သော သွေးကောင်းသွေးသန့်များ ရရှိရေး လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပြောကြား

ဆက်လက်၍ မြစ်ကြီးနားမြို့ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာဦးအာဇီးက HIVရောဂါပိုး ကင်းစင်သော သွေးကောင်းသွေးသန့်များ ရရှိနိုင်ရေး လုပ်ငန်း အသိပေးရှင်းလင်းသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များက မေးမြန်းဆွေးနွေးကြသည်ကို ဒေါက်တာဦးအာဇီးက ပြန်လည်ရှင်းလင်း ပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ဝက်လက်မြို့နယ် ထန်းကြီးကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ဝက်လက် မေ ၁

စံ (၅) ချက်ညီစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးအတွက် စာအုပ်လှူဒါန်းပွဲကို ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ထန်းကြီးကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်ရှေ့၌ ဧပြီ ၂၄ရက် နံနက်က ကျင်းပသည်။

အခမ်းအနားသို့ ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်နန်းမြင့်၊ ရန်ကုန်မြို့မှ အလှူရှင်ဦးအောင်မြင့်ဦး၊ ဒေါ်ယဉ်နုမိသားစုနှင့် ဒေသခံများ တက်ရောက်ကြသည်။ ရှေးဦးစွာ အလှူရှင်ဦးအောင်မြင့်ဦးက စာအုပ်လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမြင့်က စံ(၅)ချက်ညီစာကြည့်တိုက်အကြောင်း အကျယ်တဝင့်ရှင်းလင်းပြီး ရပ်ကွက်ဥက္ကဋ္ဌဦးလုံးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်ပြီး အလှူရှင် ဦးအောင်မြင့်ဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမြင့်တို့က စာကြည့်တိုက်မှူး ဦးနိုင်ဝင်းကိုထံ သုတ ရသစာအုပ် ၅၀၀ လှူဒါန်းကြသည်။ (အောက်ပုံ) (ခရိုင် ပြန်/ဆက်)

ခင်ဦးမြို့၌ မိုးသီးနှံဘဏ်ချေးငွေ ထုတ်ချေးရေး ညှိနှိုင်း

ခင်ဦး မေ ၁

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခင်ဦးမြို့နယ် ဘဏ်ခွဲရုံး၌ ၂၀၁၀ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ထုတ်ချေးရေး ညှိနှိုင်းစည်းဝေးပွဲကို ဧပြီ ၂၃ရက် နံနက်၁၀နာရီက ကျင်းပရာ မြို့နယ်မန်နေဂျာ ဒေါ်ယဉ်နွဲ့က ချေးငွေစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ၅၅ ဘဏ်မှ ရပ်ကွက်၊ ကျေးရွာချေးငွေစိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြပြီး တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀နှုန်း ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။ (၁၈၂)

ခြင်ဆေးမီးပွား သတိမထားက စီးပွား၊ ဥစ္စာ ကုန်လိမ့်မည်

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်း တို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ
၁၀-၅-၂၀၁၀

ချောက်မြို့
၄၅ ဒသမ ၉ ဒီဂရီစင်တီဂရိတ်
နေပြည်တော်ပျဉ်းမနား
၄၄ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့
၄၄ ဒီဂရီစင်တီဂရိတ်
မကွေးမြို့
၄၄ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့
၄၄ ဒီဂရီစင်တီဂရိတ်

နမ့်စန်၊ လှိုင်လင်နှင့် မိုင်းပွန်မြို့များအတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ
ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၇ရက် နံနက် ၉နာရီခွဲတွင် နမ့်စန်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသော လူနာများအား ကြည့်ရှု၍ အားပေးစကားပြောကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ နမ့်စန်တပ်နယ်ဆေးရုံသို့ရောက်ရှိပြီး လူနာများအား ကြည့်ရှု၍ အားပေးစကားပြောကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နမ့်စန်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻